# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၅)ရက် ၊ ကြာသပတေးနေ့ ၊ (11-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧက စိုက်ပျိုးမည်



ယခင်နှစ် ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဖူးစားပြောင်းဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ တောင်သူတွေကို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်

စာမျက်နှာ ၁၉ ကော်လံ ၁



## ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပပြုလုပ်

စာမျက်နှာ - ၁၆

## ၂၂ ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေး (22nd ACDFM)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပပြုလုပ်

စာမျက်နှာ - ၁၇

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေး ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၈၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်အကျိုး၊ ဒေသအကျိုးဖော်ဆောင်ရာတွင် ပါဝင်ရန်ဖိတ်ခေါ်

နိုင်ငံတော်အစိုးရသည် မကြာမီတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံး မျှော်မှန်းထားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကိုမျှော်မှန်းကာ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန် ဆန္ဒရှိသော PDF အမည်ခံများ အပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်ဟုထုတ်ပြန်ကာ ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင် ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီတို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။ ထို့ပြင် မိမိတို့၏ယုံကြည်ချက်နှင့် ခံယူချက်များအတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည့် PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများ၏ မျှော်မှန်းချက်မှာလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်သည်။ ထိုသို့မျှော်မှန်းချက်ချင်းတူညီသည့်အခြေအနေတွင် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းနေမည်ဆိုလျှင် နိုင်ငံတော်အတွက် အကျိုးရှိမည် မဟုတ်ဘဲ ဒီမိုကရေစီ နောက်ပြန်သွားနေသကဲ့သို့သာဖြစ်နေမည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် CRPH နှင့် NUG တို့၏ ဝါဒမှိုင်းတိုက်ခိုက်မှုကြောင့် လမ်းစပျောက်သွားရန်မလိုဘဲ မိမိတို့၏ယုံကြည်ချက်၊ မိမိတို့၏မျှော်မှန်းချက်လမ်းကြောင်းပေါ်ရောက်ရှိရေး ဆက်လက်လျှောက်လှမ်းရမည်သာဖြစ်သည်။ CRPH နှင့် NUG တို့၏လုပ်ဆောင်မှုများသည် မိမိတို့၏ မျှော်မှန်းချက်များနှင့်ဆန့်ကျင်နေပါက မှန်ကန်သည့်လမ်းကြောင်းကိုပြောင်း၍ လျှောက်လှမ်းရမည်သာဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ကြောင့် လူငယ်လူရွယ်အများအပြား အသက်ဆုံးရှုံးကြရပြီး မျှော်မှန်းတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချို့သောအကြမ်းဖက် EAO တို့သည် ရပ်တည်ရန်ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခ ရောက်လာကြရသည်။ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန် အချိန်တန်ပြီဖြစ်သည်။ ဒီမိုကရေစီမျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကို မက်မောကြသည့် CRPH၊ NUG တို့၏လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံ အစိုးရဆိုသည့် ရပ်တည်မှုမပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်းနှောင့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။

သို့ဖြစ်ရာ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး၊ ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်သည့် နိုင်ငံတော်၏စေတနာအမှန်ကိုသိရှိနားလည်ပြီး တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါသဖြင့် မိမိအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အရေးကို လက်လွှတ်မခံကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ ရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၀ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၂၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၃၂၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၂၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျောက်ပျော်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောက်ပျော် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောက်ပျော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောက်ပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ကျောက်ပျော်မြို့နယ်တွင် စက်တင်ဘာလပထမပတ်မှ ယနေ့ထိ ပီလောပီနံဥများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံဥများပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့ တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာပါတယ်။ အခုနှစ်ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ကျောက်ပျော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျောက်ပျော်မြို့နယ်ရှိ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံအပါအဝင် အခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပီလောပီနံကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ပီလောပီနံ တစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် သနပွင်စုကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် သနပွင်စုကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း ၄ ဒသမ ၉ ဖာလုံ သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

သနပွင်စုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၄၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၁ ရက်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့နေ ကျန်ရစ်သူမိသားစုက ဦးတင်ဝင်းအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၈၁၂၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၈၁၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင် စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

" ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ရမည်းသင်းမြို့နယ် ကံသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် ရမည်းသင်းမြို့နယ် ကံသာအေးကျေးရွာရှိ ဆီထွက်သီးနှံ နေကြာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သိန်း ၁၁၀ ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ပြောပြ၍ သိရသည်။

သူသူ

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးနုများအပါအဝင် လယ်ယာထွက်ကုန်များနှင့် မြေထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၆၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များနေလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန် အများအပြား တင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းပါတယ်။ လက်ရှိ ကွမ်းသီးနု ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်" ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များမှ ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ကျော်ကျော်လင်း



# ပထမအင်းဝခေတ် ရာဇဝင်ကျမ်းများ

ဗိုလ်ရှိတ်(ရတနာပူရ)

## ရာဇဝင်ကျော်

ပျူခေတ်တွင် မြန်မာရာဇဝင်ကျမ်းများပြုစုခဲ့သည်ဟု အထောက်အထားတွေ့ရသော်လည်း ထိုခေတ်ထိုအချိန်အခါက ပြုစုခဲ့သောကျမ်းများ တွေ့ရန်မဖြစ်နိုင်တော့ပါ။ ယခုအခါ အစောဆုံးတွေ့ရသော ရာဇဝင်ကျမ်းအဖြစ် ပညာရှိကြီးများ တညီတညွတ်တည်း လက်ခံခဲ့ကြသည်မှာ အင်းဝခေတ်စာဆိုကျော် ရှင်မဟာသီလဝံသပြုစုခဲ့သော ရာဇဝင်ကျော်ကျမ်းဖြစ်သည်။ ရှင်မဟာသီလဝံသသည် အင်းဝခေတ်ဒုတိယမင်းခေါင်လက်ထက်တွင် ထင်ရှားကျော်ကြားသော ရဟန်းစာဆိုတော်တစ်ပါးဖြစ်သည်။

ရှင်မဟာသီလဝံသသည် ရာဇဝင်ကျော်ကျမ်းပြုစုရခြင်းအကြောင်းကို ကျမ်းပြီးနိဂုံး၌ "ရှေးကသချ်ာ၊ လေးရာအပြု၊ သတ္တရုဗျ၊ နာဂရကိတ္တိ၊ ဘုမ္မိဖြတ်ကျော်၊ ယင်းတော်ဟူသောမြို့ကြီး၏ လက်ယာစွယ်ဖြစ်သော ဒက္ခိဏယဉ်၊ တောင်စဉ်ဌာန၊ ဝိဟာရ၌၊ နိစ္စမပြတ်၊ ပရိယတ်သာသနာ၊ ဆောင်ကြဉ်းစွာသော၊ မဟာသီလဝံသထေရ်သည် ဤမဟာသမတဝံသကျမ်းကို ဖတ်ကျွမ်းမှတ်ကျွမ်းသောသူတို့ကို ပစ္စုပ္ပန်သံသရာအစီးအပွားများစေချင်၍ ပြုတော်မူသည်။ သက္ကရာဇ် ရှစ်ရာရှစ်ဆယ့်နှစ်ခု"ဟူ၍ရေးသားထား၏။ ဤနိဂုံးအရ ရှင်မဟာသီလဝံသသည် ရာဇဝင်ကျော်ကျမ်းကို အများပြည်သူတို့ ဖတ်ရှုမှတ်သားလေ့လာနိုင်ရန် မိမိဆန္ဒအလျောက်ပြုစုသောကျမ်းဖြစ်ကြောင်း ထင်ရှား၏။ ပြုစုပြီးခဲ့သောနှစ်မှာ ၈၈၂ ခုနှစ်ဖြစ်သည်။

ရှင်မဟာသီလဝံသသည် သူပြုစုခဲ့သော ရာဇဝင်ကျော်ကျမ်းကို "မဟာသမတဝံသကျမ်း"ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်လူတို့က ရာဇဝင်ကျော်ကျမ်းဟူ၍သာခေါ်ခဲ့ကြသည်။ ရာဇဝင်ကျော်ကျမ်းသည် မဟာသမတမင်းဆက်နှင့် သီဟိုဠ်မင်းဆက်ကို အဓိကတင်ပြထားပြီး မြန်မာရာဇဝင်ခန်းကို မည်မည်ရရဖော်ပြထားသည်မဟုတ်ပေ။ ကျမ်းပြီးနိဂုံးတွင်ပါသော "မဟာသမတဝံသကျမ်း" ဟူသောအမည်အတိုင်း မဟာသမ္မတမင်းဆက်ကို အဓိကရေးသားလိုရင်းဖြစ်သည်။ မြန်မာရာဇဝင်ကို အဓိကထားပြောလိုရင်းမဟုတ်ပေ။ မဟာသမ္မတမင်းဆက်နှင့် မြန်မာရာဇဝင်ခန်း မည်မျှကွာအောင် ရေးသားခဲ့သနည်းဆိုလျှင် ယခုရာပြည့်စာအုပ်တိုက်ထုတ် ရာဇဝင်ကျော်ကျမ်း စာမျက်နှာအရေအတွက်ဖြင့် နှိုင်းယှဉ်ပြပါမည်။ မဟာသမ္မတမင်းနှင့် သီဟိုဠ်မင်းဆက်ကို ရှင်မဟာသီလဝံသသည် ၁၁၆ မျက်နှာရေးပြီး မြန်မာရာဇဝင်ခန်းကို ၁၈ မျက်နှာသာ ရေးသည်။ အထက်ပါအချက်ကို ကြည့်ခြင်းအားဖြင့် ရှင်မဟာသီလဝံသသည် မြန်မာရာဇဝင်ကို အဓိကထား၍ မရေးခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ရေးထားသော မြန်မာမင်းဆက်များ အကြောင်းမှာလည်း ချုံ့၍သာရေး၏။ ထင်ရှားသောမင်းတချို့ကိုသာ အနည်းငယ်အကျယ်ချဲ့ရေး၏။

ဆရာကြီးဒေါက်တာလှဖေက ရာဇဝင်ကျော်ကျမ်းသည် ရာဇဝင်ကျော် အမည်မပီသဟုဆိုခဲ့၏။ ဆရာကြီး၏ဝေဖန်ချက်မှာ "ရာဇဝင်ကျော်သည် အနွတ္ထသညာမပီသဟုဆိုချင်ပါသည်။ ရှေးဦးဆုံးရာဇဝင်ဖြစ်၍ ချွတ်ယွင်းချက် အနည်းငယ်ပါပေမည်ဟု စောဒကတက်နိုင်၍ တော်ပေသေး၏။ နောက်ပေါ် အခြားရာဇဝင်တို့ထက်လည်း မသာလှ၊ မစုံလှ။ ထို့ကြောင့် ရာဇဝင်ကျော်ဟု အသိအမှတ်မပြုချင်ပါ" ဟူ၍ဖြစ်သည်။

ပညာရှင်များက ရာဇဝင်ကျော်ကျမ်းကို အစောဆုံးတွေ့ရသော ရာဇဝင်ကျမ်းအဖြစ် သတ်မှတ်ခဲ့ခြင်းမှာ ရာဇဝင်ကျော်ကျမ်းသည် မြန်မာနိုင်ငံတွင် အစောဆုံးကျမ်းဖြစ်သောကြောင့် သတ်မှတ်ခဲ့ခြင်း မဟုတ်ပါ။ ရှာဖွေတွေ့ရှိသမျှ ရာဇဝင်ကျမ်းများတွင် ရာဇဝင်ကျော်ကျမ်းသည် အစောဆုံးဖြစ်နေသောကြောင့် အစောဆုံးရာဇဝင်အဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျမ်းထက်စောသော ရာဇဝင်ကျမ်းများ ပေါ်ထွန်းခဲ့သော်လည်း ထိုရာဇဝင်ကျမ်းများကို မတွေ့ရသေးသောကြောင့်သာ ယခုလက်ရှိအနေအထားဖြင့် ရှင်မဟာသီလဝံသ၏ရာဇဝင်ကျမ်းကို အစောဆုံးဟုဆိုရခြင်းဖြစ်သည်။

**❖ ရှင်မဟာသီလဝံသသည် ရာဇဝင်ကျော်ကို ၈၈၂ ခုနှစ်တွင် ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသနောက်ပြုစုခဲ့သော ရာဇဝင်ကျမ်းများရှိနိုင်ဖွယ်ရာရှိသော်လည်း ရာဇဝင်ကျမ်းများကို ရှာဖွေမတွေ့ရှိသေးပေ။ ရာဇဝင်ကျော်ကျမ်းပြုစုပြီးနောက် အစောဆုံးတွေ့ရသည့်ကျမ်းမှာ ညောင်ရမ်းခေတ် ပြည်မင်းလက်ထက် မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရပြုစုသော မြောက်နန်းကျောင်းရာဇဝင်ဖြစ်သည်။ ပထမအင်းဝခေတ် ရှင်မဟာသီလဝံသ ပြုစုခဲ့သော ရာဇဝင်ကျော်နှင့် ညောင်ရမ်းခေတ်တွင်ပြုစုခဲ့သော မြောက်နန်းကျောင်းရာဇဝင်ကြား နှစ် ၁၃၀ ကျော်ကာလတွင် ရာဇဝင်ကျမ်းများပြုစုခဲ့ခြင်း ရှိ၊ မရှိကို တိကျစွာမသိရပေ။ ❖**

ရှင်မဟာသီလဝံသကိုယ်တိုင်ကလည်း သူ၏ ရာဇဝင်ကျော်ကျမ်းကို အစောဆုံးကျမ်းဟု ဝန်မခံခဲ့ပါ။ သူ့ထက်စောသော ရာဇဝင်ကျမ်းများစွာရှိကြောင်းကို ရာဇဝင်ကျော်ကျမ်း၌ပင် "မင်းဖြစ်သောအစဉ်စကားကို တစ်မူကား ရှေးသူဟောင်းတို့ဆိုလေပြီးသော ရာဇဝင်ကျမ်းရှိလေပြီးသလျှင်ကတည်း" ဟူ၍ညွှန်းဆိုပြခဲ့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှန်နန်းရာဇဝင်တော်သစ်နိဒါန်းတွင် စူဠဝင်ကျမ်း၊ စေတိယဝံသကထာကျမ်း၊ ပေါင်းလောင်းရှင် ကဿပစီရင်သည့် ဇောဓိဝင်ဋီကာ၊ ရှင်ဝဇီရစီရင်သည့် ရာဇဝင်၊ ငှက်ပစ်တောင်ဂေါဓာဝရစီရင်သည့် ရာဇဝံသပါဠိ၊ ဗြဟ္မဏပုဏ္ဏားစီရင်သည့် ပုဂံရာဇဝင်ဟောင်း၊ အရှင်ဉာဏသည်းခံကြီးစီရင်သည့် တောင်ငူရာဇဝင်တို့သည် ရာဇဝင်ကျော်ထက်စောသော ကျမ်းများဖြစ်ကြောင်း ဆိုထားသည်။ ထို့ကြောင့် ရာဇဝင်ကျော်ထက်စောသော ရာဇဝင်ကျမ်းများရှိကြောင်း သိရသည်။ ရှင်မဟာသီလဝံသ ညွှန်းဆိုခဲ့သောရာဇဝင်ကျမ်းများ ရှာဖွေတွေ့ရှိပါက ရာဇဝင်ကျော်သည် အစောဆုံးရာဇဝင်ကျမ်းနေရာမှ ဖယ်ပေးရမည်သာဖြစ်သည်။ ရှင်ဉာဏသည်းခံကြီးရေးသော တောင်ငူရာဇဝင်အကြောင်းကို ဒေသဆိုင်ရာရာဇဝင်များအခန်းတွင် ရေးသားဖော်ပြပါမည်။

**အသစ်တွေ့ ရာဇဝင်ချုပ်နှစ်စောင်**

ရှင်မဟာသီလဝံသသည် ရာဇဝင်ကျော်ကို ၈၈၂ ခုနှစ်တွင် ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသနောက်ပြုစုခဲ့သော ရာဇဝင်ကျမ်းများ ရှိနိုင်ဖွယ်ရာရှိသော်လည်း ရာဇဝင်ကျမ်းများကို ရှာဖွေမတွေ့ရှိသေးပေ။ ရာဇဝင်ကျော်ကျမ်းပြုစုပြီးနောက် အစောဆုံးတွေ့ရသည့်ကျမ်းမှာ ညောင်ရမ်းခေတ် ပြည်မင်းလက်ထက် မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရပြုစုသော မြောက်နန်းကျောင်း ရာဇဝင်ဖြစ်သည်။

ပထမအင်းဝခေတ် ရှင်မဟာသီလဝံသပြုစုခဲ့သော ရာဇဝင်ကျော်နှင့် ညောင်ရမ်းခေတ်တွင်ပြုစုခဲ့သော မြောက်နန်းကျောင်းရာဇဝင်ကြား နှစ်၁၃၀ ကျော်ကာလတွင် ရာဇဝင်ကျမ်းများပြုစုခဲ့ခြင်း ရှိ၊ မရှိကိုတိကျစွာမသိရပေ။ ပြုစုခဲ့သော်လည်း တိမ်မြုပ်နေသောကြောင့် မတွေ့ရခြင်းဖြစ်နိုင်သကဲ့သို့ ပြုစုခဲ့ခြင်းမရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ ပြုစုခဲ့ခြင်းရှိ၊ မရှိကို ယတိပြတ်ပြော၍ မရပေ။ ထိုအဖြေကိုတစ်နေ့တစ်ချိန်ချိန်တွင် တွေ့နိုင်ဖွယ်ရာရှိသည်ဟူ၍သာ မျှော်လင့်ခဲ့ရသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ ပခုက္ကူနယ်ဘက်မှ ရာဇဝင်ချုပ်ပေမူတစ်စောင် ရရှိခဲ့သည်။ ပေမူမှာ ၁၀ကြောင်းရေးပေဖြစ်ပြီး ပေါ်အစ ဒါအဆုံး ၃အင်္ဂါနှင့် ငါးချပ်ရှိသည်။ ပေအမျိုးအစားမှာ ကြံဆစ်ပေဖြစ်သည်။ ပေကူးနှစ်မှာ "သက္ကရာဇ် ၁၂၃၀ ပြည့်နှစ် သီတင်းကျွတ်လဆန်းဖရက် တနင်္လာနေ့ ၂ ချက်တီးကျော်အချိမ်(ချိန်)တွင် ရာဇဝင်ပေါင်းချုပ်ကိုင်ရေးကူး၍ပြီးသည်"ဟူ၍ပါရှိသည်။ ထို့ကြောင့် ဤပေသည် မင်းတုန်းမင်းလက်ထက်တွင် ရေးကူးခဲ့သောပေမူဖြစ်ကြောင်း သိနိုင်သည်။

ပေမှာ တစ်ဆူတည်းဖြစ်သော်လည်း ပေအတွင်း၌ ရာဇဝင်ချုပ်မှာ နှစ်စောင်ပါ၏။ ထိုကဲ့သို့ ရာဇဝင်ချုပ်နှစ်စောင်ပါခြင်းကြောင့် ပေကူးနိဂုံးတွင် ရာဇဝင်ပေါင်းချုပ်ဟု အမည်ပေးထားခဲ့ဟန်တူသည်။ ရာဇဝင်ချုပ် နှစ်စောင်သည် တစ်စောင်နှင့်တစ်စောင် ရေးသားပြုစုပုံချင်းမတူပေ။ ရာဇဝင်ချုပ်တစ်စောင်သည် မင်းတို့၏ နန်းတက်နှစ်၊ နန်းကျနှစ်၊ မင်းတို့နတ်ရွာစံသည့်အခါ ဖြစ်ပေါ်လာသော အတိတ်နိမိတ်များကိုဖော်ပြ၏။ ထင်ရှားသောမင်းများ၊ ထင်ရှားသည့် အဖြစ်အပျက်များကို အနည်းငယ်အကျယ်ချဲ့၍ဖော်ပြ၏။ အနည်းငယ်အကျယ်ချဲ့၍ ဖော်ပြသောမင်းတို့မှာ အတိတြာမင်း၊ သုပညာနဂရဆိန္နမင်း၊ ကွမ်းဆော်မင်း၊ စကြာဝဒေးမင်း(စုက္ကတေးမင်း)၊ စောလူးမင်း၊ ကုလားကျမင်း၊ မင်းယဉ်နရသိခ်မင်း၊ နရပတိစည်သူမင်း၊ နရသီဟပတေ့မင်း၊ ကျော်စွာမင်း၊ မင်းကြီးစွာစော်ကဲ၊ သတို့ဝ်မင်းတရားမင်း (မိုးညှင်းမင်း)၊ နရပတိမင်း (ထူပါရုံနရပတိကြီး)၊ ဘဝရှင်မင်းတရား(ပြည်စုန်မင်းသီဟသူ)၊ ဒုတိယမင်းခေါင်မင်း၊ မင်းဆွေမင်း(ရွှေနန်းကြော့ရှင်)တို့ဖြစ်သည်။

မင်းဆက်များကိုဖော်ပြရာတွင် သရေခေတ္တရာပြည် မဟာသမ္ဘဝမင်းမှ ပထမအင်းဝခေတ် ရွှေနန်းကြော့ရှင်နတ်ရွာစံသည်ထိ ဖော်ပြထား၏။ ဖော်ပြရာတွင် မင်းတို့၏နန်းတက်နှစ်၊ နန်းစံနှစ်၊ အိမ်နိမ့်နှစ်၊ နန်းကျနှစ်များကို အဓိကအလေးထားဖော်ပြသည်။ ဤရာဇဝင်ချုပ်သည် မင်းများကို အစဉ်အဆက်ဖော်ပြသောရာဇဝင်ချုပ်ဟုဆိုနိုင်သည်။

နောက်ရာဇဝင်တစ်စောင်မှာ ရာဇဝင်ကျမ်းအမည်ပါ၏။ ရာဇဝင်ကျမ်းအမည်ကို "အဝရာဇဝင်၊ တိတ်ရာဇဝင်"ဟုပေးထား၏။ ဤရာဇဝင်သည် အထက်က ရာဇဝင်ကဲ့သို့ မင်းစဉ်မင်းဆက်များကို အစဉ်အတိုင်းဖော်ပြထားခြင်းမရှိပေ။ ထို့အတူ မင်းတို့၏နန်းတက်နှစ်များကိုလည်း အဓိကထား၍ ဖော်ပြမထားပေ။ ဤရာဇဝင်တွင် အဓိကထား၍ ဖော်ပြထားသည်မှာ မင်းတို့လက်ထက်ဖြစ်ပွားခဲ့သော ထင်ရှားသည့်အဖြစ်အပျက်အကြောင်းအရာများနှင့် အတိတ်နိမိတ်များအကြောင်းသာ ဖြစ်လေသည်။ "အဝရာဇဝင်၊ တိတ်ရာဇဝင်"ဟူသော အမည်အတိုင်း ရှေးမင်းတို့လက်ထက် ဖြစ်ပွားခဲ့သော အတိတ်နိမိတ်များကို အဓိကထား၍ရေးသည်။

ဤရာဇဝင်တွင် မှတ်သားဖွယ်ရာကောင်းသော အချက်များကိုတွေ့ရသည်။ ရာဇဝင်များတွင် တွေ့ရသောအမည်တူမင်းများကို ခွဲခြား၍ခေါ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာရာဇဝင်တွင် ပထမမင်းခေါင်ကြီး၊ ဒုတိယမင်းခေါင်၊ ထူပါရုံနရပတိကြီး၊ ရွှေနန်းကြော့ရှင်နရပတိဟူ၍ရှိ၏။ ထိုကဲ့သို့ အမည်တူမင်းများကို မင်းခေါင်ကြီး၊ မင်းခေါင်အငယ်၊ မင်းတရားအကြီး၊ မင်းတရားအငယ် စသည်ဖြင့် ကွဲပြားအောင် ခွဲခြားခေါ်ခြင်းပင်ဖြစ်သည်။ ဤရာဇဝင်ချုပ်သည်လည်း အထက်တွင်ဖော်ပြသော ရာဇဝင်ချုပ်ကဲ့သို့ပင် ပထမအင်းဝခေတ် ရွှေနန်းကြော့ရှင်နရပတိ လက်ထက်ထိသာပါသည်။ ဤရာဇဝင်ချုပ်နှစ်စောင်ကိုကွဲပြားစေရန် ပေမူတွင် ပထမဆုံးဖော်ပြသော ရာဇဝင်ကို ပထမရာဇဝင်ဟု သတ်မှတ်ပြီး နောက်ရာဇဝင်တစ်စောင်ကို ပေမူပါ အမည်အတိုင်း "အဝရာဇဝင်၊ တိတ်ရာဇဝင်"ဟူ၍ ခွဲခြားရေးပါမည်။

ယခုဖော်ပြခဲ့သော ရာဇဝင်ချုပ် နှစ်စောင်တွင် ပထမရာဇဝင်သည် (ယခုဤဆောင်းပါးတွင်ပါဝင်သည့် အမှတ်(၁)ရာဇဝင်ချုပ်ကို ဆိုခြင်းဖြစ်သည်။) ရွှေနန်းကြော့ရှင်နရပတိနတ်ရွာစံသည်ထိသာ ဖော်ပြထားသည်။ ထို့နောက် မင်းများကို ဖော်ပြမထားပါ။ "အဝ ရာဇဝင်၊ တိတ်ရာဇဝင်" သည် ရွှေနန်းကြော့ရှင်နရပတိလက်ထက်ထိပါသည်။ နတ်ရွာစံသည်ထိမပါပေ။ ထို့ကြောင့် ဤရာဇဝင်ချုပ်နှစ်စောင်စလုံးသည် ပထမအင်းဝခေတ်တွင် နန်းစံခဲ့သော ရွှေနန်းကြော့ရှင်နရပတိနတ်ရွာစံပြီးနောက်တွင် ပြုစုခဲ့သည်ဟု အကြမ်းဖျင်းအားဖြင့်ဆိုနိုင်သည်။ ဤရာဇဝင်ချုပ်နှစ်စောင်ကို ပထမအင်းဝခေတ်တွင် ပြုစုခဲ့သော ရာဇဝင်ချုပ်များဟုဆိုချင်သည်။ ထိုသို့ဆိုရလောက်အောင်လည်း ရာဇဝင်ချုပ်ပါအရေးအသားများက သက်သေခံနေသည်။ ထိုအချက်များကိုသိသာစေရန် ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်၊ ဦးကုလား၏ ရာဇဝင်ချုပ်တို့ဖြင့် နှိုင်းယှဉ်ပါမည်။ ထူပါရုံနရပတိကြီး နန်းတက်တော်မူခန်းကို ရာဇဝင်ကျော်၊ ပထမရာဇဝင်၊ ဦးကုလားရာဇဝင်ချုပ်တို့တွင် ဖော်ပြထားသော အရေးအသား၊ စကားအသုံးအနှုန်းများဖြင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

ဆက်လက်ဖော်ပြပါမည်

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၁၁၀၊ မြောင်မြို့နယ်တွင် ၁၈၅၃ ဧက စုစုပေါင်း ၄၇၆၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၄၇၆၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်စိုက်ပျိုးကြပါတယ်။ ကြက်သွန်နီတွေ ဈေးကွက်မှာ ဈေးကောင်းရပြီး အရောင်းအဝယ်ကောင်းမွန်ဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီ စိုက်တောင်သူများ ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်စေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်ငွေကျပ် ၁၈ သိန်းခန့်ရှိပြီး တစ်ဧကအထွက်နှုန်း ပိဿာချိန် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် စက်တင်ဘာ ၁၀**

ရောဝတီတိုင်းဒေသကြီးရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါပဲစင်းငုံများ ဝယ်ယူမှုကောင်းလာခြင်းမှာ ပြည်တွင်းပဲလုပ်ငန်းများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဈေးကွက်ထဲမှာ ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိတော့ သိုလှောင်ထားသူတွေနဲ့ ကုန်သည်တွေဆီမှာပဲ ပဲစင်းငုံတွေ ရှိပါတော့တယ်။ ရေကြည်မြို့နယ်က ဒေသထွက် ပဲစင်းငုံတွေကို ဒေသပွဲရုံတွေကတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်မှတစ်ဆင့် အခြားဒေသဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

အဆိုပါဒေသထွက် ပဲစင်းငုံများကို ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လောကကိုအလှဆင်ပါ

\- လူမှုနယ် အများကောင်းကျိုး
အစဉ်သယ်ပိုး ဆောင်ရွက်ပါ၊
မကောင်းမှုကို ဘယ်ခါမတွေး
ဝေးဝေးရှောင်ခွာ၊
ပေးဆပ်ခြင်းဖြင့် အနစ်နာခံကာ
မေတ္တာစေတနာ ရင်မှာထား၊
အကြင်နာ နှလုံးသားနှင့်
အမုန်းတွေရှောင်ရှား။

\- အသားအရောင် မခွဲခြား
အားငယ်သူအား ဖေးကူပါ၊
ဖြူစင်သော ကရုဏာတရားဖြင့်
သနားညှာတာ၊
လူသားအချင်းချင်း ကိုယ်ချင်းစာ
ကိုယ်နိုင်ရာ ပေးလှူဒါန်း၊
ဒုက္ခတွေ ကျော်လွှားဖို့
အားပေးလက်ကမ်း။

\- လဲနေသူ ကူထမ်းလို့
မပူစတမ်း ထူမပါ၊
ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားလို့
သနားညှာတာ၊
မေတ္တာတရားက အေးချမ်းရာ
များသတ္တဝါ မေတ္တာပို့၊
ဘေးမသန်းစေကာ လောကကို
အလှဆင်ကြစို့။ ။

**ရွှေတိုး(ထုံးဘို)**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေစင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိမရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွား စသည့်အဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## နိုင်ငံတကာ သတင်းများ

# စီပီရာဟာခရစ္စနန်းကို ဒုတိယသမ္မတအဖြစ် အိန္ဒိယလွှတ်တော်အမတ်များ ရွေးချယ်

**ဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် မဟာရက်ရှ်ထြပြည်နယ် အုပ်ချုပ်ရေးမှူး စီပီရာဟာခရစ္စနန်းကို အိန္ဒိယလွှတ်တော်အမတ်များက စက်တင်ဘာ ၉ ရက်တွင် ရွေးကောက်တင်မြှောက်ခဲ့သည်။

ယခင် ဒုတိယသမ္မတဟောင်း ဂျိုင်ဒီပ်ဟန်ကာရာထူးမှ မမျှော်လင့်ဘဲ နုတ်ထွက်ခဲ့ပြီးနောက် စီပီရာဟာခရစ္စနန်းကို ဒုတိယသမ္မတသစ်အဖြစ် အိန္ဒိယလွှတ်တော်အမတ်များက ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

စီပီရာဟာခရစ္စနန်း သည် ဝန်ကြီးချုပ်မိုဒီ၏ လက်ရှိအာဏာရ ဘရာတီယာဂျနေတာပါတီ(ဘီဂျေပီ)က အမည်စာရင်းပေးသွင်းထားသူဖြစ်သည်။

စီပီရာဟာခရစ္စနန်း သည် ဘရာတီယာဂျနေတာပါတီ ကိုယ်စားပြုလွှတ်တော်အမတ်ဟောင်းတစ်ဦးလည်းဖြစ်သည်။

အိန္ဒိယဒုတိယသမ္မတဟောင်း ဂျိုင်ဒီပ်ဟန်ကာ၏ရာထူးသက်တမ်းမှာ ၂၀၂၇ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း ကျန်းမာရေးအကြောင်းပြချက်ဖြင့် ယခုနှစ် ဇူလိုင်လတွင် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယလွှတ်တော်၏ စက်တင်ဘာ ၉ ရက် ဒုတိယသမ္မတမဲခွဲရွေးချယ်ပွဲ၌ စီပီရာဟာခရစ္စနန်းသည် လွှတ်တော်အမတ် ၇၅၂ ဦးအနက် ၄၅၂ ဦးတို့၏ ထောက်ခံမဲများကို ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အကုန်အကျခံတည်ဆောက်ထားသည့် Techo နိုင်ငံတကာလေဆိပ်သစ် ကမ္ဘောဒီးယားဖွင့်လှစ်



**ဖနွမ်းပင် စက်တင်ဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အကုန်အကျခံ တည်ဆောက်ထားသည့် Techo နိုင်ငံတကာလေဆိပ်ကို စက်တင်ဘာ ၉ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Techo နိုင်ငံတကာလေဆိပ်ကို တရုတ်နိုင်ငံပိုင် ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုက တည်ဆောက်ပေးခဲ့ပြီး ကုန်ကျစရိတ်ကို ကမ္ဘောဒီးယားအစိုးရနှင့် ပုဂ္ဂလိကပိုင်ပင်လယ်ရပ်ခြား ကမ္ဘောဒီးယားနိုင်ငံသားများ ရင်းနှီးမြှုပ်နှံရေးကော်ပိုရေးရှင်းတို့က ပူးတွဲကျခံခဲ့သည်။

Techo နိုင်ငံတကာလေဆိပ်သစ် ဖွင့်လှစ်နိုင်မှုကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာနိုင်မည်ဟု ကမ္ဘောဒီးယားအစိုးရက ယုံကြည်ထားသည်။

ဖနွမ်းပင်မြို့၏ တောင်ဘက်ကီလိုမီတာ ၂၀ အကွာတွင် တည်ရှိသော Techoနိုင်ငံတကာလေဆိပ်သည် ဟက်တာပေါင်း ၂၆၀၀ ကျယ်ဝန်းကြောင်း သိရသည်။

Techo နိုင်ငံတကာလေဆိပ်သည် လတ်တလောတွင် တစ်နှစ်လျှင် ခရီးသည် ၁၃ သန်းထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

သို့ရာတွင် Techoနိုင်ငံတကာလေဆိပ်၏ ဝန်ဆောင်မှုပေးနိုင်စွမ်းကို ၂၀၅၀ ပြည့်နှစ်အရောက်တွင် ခရီးသည်သန်း ၅၀ထိ မြှင့်တင်နိုင်ရန် ကမ္ဘောဒီးယားတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဟားမတ်စ်ခေါင်းဆောင်များကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှု အစ္စရေးပြုလုပ်

**ဂျေရုဆလင် စက်တင်ဘာ ၁၀**

အစ္စရေး တပ်မတော်သည် ကာတာနိုင်ငံ ဒိုဟာမြို့ရှိဟားမတ်စ်အုပ်စု နိုင်ငံရေးခေါင်းဆောင်များကို ပစ်မှတ်ထား၍ ယနေ့တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေး၏စက်တင်ဘာ ၉ ရက် လေကြောင်း တိုက်ခိုက်မှုကြောင့် ဟားမတ်စ်အုပ်စုဝင် ငါးဦးနှင့် ကာတာလုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတို့သေဆုံးခဲ့ရကြောင်း ဟားမတ်စ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အစ္စရေး၏ ဟားမတ်စ်အုပ်စု နိုင်ငံရေးခေါင်းဆောင်များအား လုပ်ကြံရန် ကြိုးပမ်းမှုမှာ အောင်မြင်မှုမရှိခဲ့ကြောင်း ဟားမတ်စ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

အစ္စရေး၏စက်တင်ဘာ ၉ ရက် လေကြောင်းတိုက်ခိုက်မှုကိုကာတာအစိုးရနှင့်အမေရိကန်အစိုးရတို့က ဝေဖန်ရှုတ်ချထားသည်။

ယင်းအပြင် တရုတ်နိုင်ငံနှင့် ရုရှားအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ပင်လယ်ကွေ့အာရပ်နိုင်ငံများကလည်း အစ္စရေး၏ ကာတာလေကြောင်းတိုက်ခိုက်မှုကို ဝေဖန်ရှုတ်ချထားသည်။

ကာတာနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သလို အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် ကြားဝင်ညှိနှိုင်းနေသောနိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားစစ်စခန်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ရှစ်ဦး ဒဏ်ရာရရှိ

**ဆိုးလ် စက်တင်ဘာ ၁၀**

မြောက်ကိုရီးယား နယ်စပ်အနီးတည်ရှိသော တောင်ကိုရီးယားစစ်စခန်းတစ်ခု၌ ယနေ့တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း တောင်ကိုရီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စစ်စခန်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် မည်သူတစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ပါဂျူးအမည်ရှိ စစ်စခန်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် ထိစပ်နေသော လျှောင်ဂီပြည်နယ်၌တည်ရှိကြောင်း သိရသည်။

ပါဂျူးစစ်စခန်း ပေါက်ကွဲမှုသည် ဖောက်ခွဲရေးပစ္စည်းတစ်ခု စနက်တံ ပြုတ်ထွက်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ဖွယ်ရှိကြောင်း တောင်ကိုရီးယား တပ်မတော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပါဂျူးစစ်စခန်းနယ်မြေအတွင်း ဟောင်ဝစ်ဇာအမြောက်ပစ်ခတ်မှု လေ့ကျင့်ခန်းများ ပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားတပ်မတော်က ပါဂျူးစစ်စခန်းပေါက်ကွဲမှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အာဖရိက၏အကြီးမားဆုံး ရေအားလျှပ်စစ်ဆည်ကို အီသီယိုးပီးယားနိုင်ငံဖွင့်လှစ်

**အဒစ်အဘာဘာ စက်တင်ဘာ ၁၀**

အီသီယိုးပီးယား နိုင်ငံသည် အာဖရိကတိုက်၏ အကြီးမားဆုံး ရေအားလျှပ်စစ်ဆည်ကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

လူဦးရေသန်း ၁၂၀ ကျော်ရှိပြီး အာဖရိကတိုက်၏ ဒုတိယမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အီသီယိုးပီးယားနိုင်ငံသည် ဂရန်းအီသီယိုပီးယန်းရီနေဆန်း အမည်ရှိ အဆိုပါရေအားလျှပ်စစ်ဆည်ကို အမေရိကန်ဒေါ်လာ ငါးဘီလီယံ အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်သည်။

နိုင်းမြစ်၏ မြစ်လက်ထက်တစ်ခုပေါ်၌ တည်ဆောက်ထားသည့် ဂရန်းအီသီယိုပီးယန်းရီနေဆန်းဆည်သည် အီသီယိုးပီးယားပြည်သူ သန်းပေါင်းများစွာတို့အတွက် စွမ်းအင်များဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။



သို့ရာတွင် အဆိုပါရေအားလျှပ်စစ်ဆည်ကြောင့် အီသီယိုးပီးယားနိုင်ငံနှင့် နိုင်းမြစ်အောက်ပိုင်း၌ တည်ရှိသည့် အီဂျစ်နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာခဲ့ရကြောင်း သိရသည်။

ဂရန်းအီသီယိုပီးယန်းရီနေဆန်းဆည်ကြောင့် မိုးခေါင်ရေရှားကာလများအတွင်း နိုင်းမြစ်မှ မြစ်ရေရရှိမှု လျော့ပါးသွားမည့်အရေးကို အီဂျစ်နိုင်ငံက စိုးရိမ်လျက်ရှိသည်။

စတင်ဖွင့်လှစ်ခဲ့သည့် စက်တင်ဘာ ၉ ရက်တွင် ဂရန်းအီသီယိုပီးယန်းရီနေဆန်းရေအားလျှပ်စစ်ဆည်သည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၁၅၀ထိ ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း အီသီယိုးပီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဘလူးဂျက်လေကြောင်းလိုင်းက ၂၀၂၇ ခုနှစ်တွင် စတင်အသုံးပြုမည်




**ဝါရှင်တန် စက်တင်ဘာ ၁၀**

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဘလူးဂျက်လေကြောင်းလိုင်းက ၂၀၂၇ ခုနှစ်တွင် စတင်အသုံးပြုမည်ဖြစ်ကြောင်း စက်တင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ဘလူးဂျက်လေကြောင်းလိုင်းသည် Amazon ကုမ္ပဏီ၏ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၏ အင်တာနက်ဝန်ဆောင်မှုကိုရယူမည့် ပထမဆုံး လေကြောင်းလိုင်းဖြစ်သည်။

Amazon ကုမ္ပဏီ၏ပြိုင်ဘက်ဖြစ်သော စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကိုမူ နိုင်ငံတကာ လေကြောင်းလိုင်းအများအပြားက အသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်မှာ စတင်တည်ဆောက်ခါစသာရှိသေးပြီး လက်ရှိတွင် ဂြိုဟ်တု ၁၀၂ စင်းသာ လွှတ်တင်ထားနိုင်သေးသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွီပါ ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၃၂၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင်မူ အင်တာနက် ဝန်ဆောင်မှုပေးနေသည့် ဂြိုဟ်တုအစင်းပေါင်း ၈၃၀၀ ကျော်ထိရှိနေကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အိုမူအာမူအာဂြိုဟ်သိမ်က ပလူတိုဂြိုဟ်သိမ်ကဲ့သို့ နေအဖွဲ့အစည်းပြင်ပ ရေခဲချိုတစ်စင်းမှ ပဲ့ထွက်လာသည့် အစိတ်အပိုင်းဖြစ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၀**

နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် ပထမဆုံး ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သော အိုမူအာမူအာဂြိုဟ်သိမ်သည် ပလူတိုဂြိုဟ်သိမ်ကဲ့သို့ နေအဖွဲ့အစည်းပြင်ပ ရေခဲချိုတစ်စင်းမှ ပဲ့ထွက်လာသည့် အစိတ်အပိုင်းဖြစ်နိုင်ကြောင်း စက်တင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အိုမူအာမူအာဂြိုဟ်သိမ်၏ ဖွဲ့စည်းပုံသည် ပလူတိုဂြိုဟ်သိမ် မျက်နှာပြင်ပေါ်ရှိ နိုက်ထရိုဂျင်ရေခဲစိုင်တစ်ခု၏ ဖွဲ့စည်းပုံနှင့် တူညီနေကြောင်း အရီဇိုးနား ပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



သို့ဖြစ်ရာ အိုမူအာမူအာဂြိုဟ်သိမ်သည် ပလူတိုဂြိုဟ်သိမ်နှင့် အလားတူသည့် နေအဖွဲ့အစည်းပြင်ပ ရေခဲဂြိုဟ်သိမ်တစ်စင်းမှ ပဲ့ထွက်လာသည့်အစိတ်အပိုင်းဖြစ်နိုင်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း နေအဖွဲ့အစည်းကို စတင်ဝင်ရောက်ဖြတ်သန်းခဲ့သော အိုမူအာမူအာဂြိုဟ်သိမ်ကို နေအဖွဲ့အစည်းအတွင်း ဝင်ရောက်ခဲ့သော ပထမဆုံး ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျူနိုအာကာသယာဉ်က ကယ်လစ္စတိုဂြိုဟ်ရံလ၏ ဝင်ရိုးစွန်းအလင်းရောင်များကို ပထမဆုံးအကြိမ် ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် ဂြိုဟ်ရံလတစ်စင်းဖြစ်သော ကယ်လစ္စတိုဂြိုဟ်ရံလ၏ ဝင်ရိုးစွန်းအလင်းရောင်များကို ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၉ ရက်သတင်းများအရ သိရသည်။

ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ဂါလီလီယန်ဂြိုဟ်ရံလ လေးစင်းအနက် အိုင်အို၊ ယူရိုပါနှင့် ဂါနီမီဒီဂြိုဟ်ရံလများ၏ ဝင်ရိုးစွန်းအလင်းရောင်များကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သော်လည်း ကယ်လစ္စတိုဂြိုဟ်ရံလ၏ ဝင်ရိုးစွန်းအလင်းရောင်ကို ယခုမှသာ ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုမိုတောက်ပသော ကြာသပတေးဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်များ၏ အကျိုးသက်ရောက်မှုကြောင့် ကယ်လစ္စတိုဂြိုဟ်ရံလ၏ ဝင်ရိုးစွန်းအလင်းရောင်မှာ အလွန်တရာ မှိန်ဖျော့နေကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် ကြာသပတေးဂြိုဟ်၏ ဂါလီလီယန်ဂြိုဟ်ရံလ လေးစင်းဖြစ်သည့် အိုင်အို၊ ယူရိုပါ၊ ဂါနီမီဒီနှင့် ကယ်လစ္စတိုဂြိုဟ်ရံလတို့၏ ဝင်ရိုးစွန်းအလင်းရောင်များ သဘာဝကို ဂျူနိုအာကာသယာဉ်ဖြင့် ဆက်လက်လေ့လာရန် စီစဉ်ထားသည်။

နာဆာအဖွဲ့သည် ယူရိုပါဂြိုလ်ရံလကို လေ့လာရေးအတွက် Europa Clipper အမည်ရှိ အာကာသယာဉ်ကို လွှတ်တင်ထားရာ အဆိုပါ အာကာသယာဉ်သည် ၂၀၃၀ ပြည့်နှစ်တွင် ကြာသပတေး ဂြိုဟ်စနစ်အတွင်း ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် ကြာသပတေးဂြိုဟ်၏ ရေခဲဂြိုဟ်ရံလများကို လေ့လာရေးအတွက် JUICE အာကာသယာဉ်ကိုလည်း ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## စတင်ဖြစ်ခါစ ဆစ်ဖလစ်ရောဂါကို ပင်နီဆီလင် ထိုးဆေးတစ်လုံးတည်းဖြင့် ကုသပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၀**

စတင်ဖြစ်ပွားခါစ ဆစ်ဖလစ်ရောဂါ(Syphilis)ကို ပင်နီဆီလင်ထိုးဆေး တစ်လုံးတည်းဖြင့် ကောင်းစွာကုသပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ဆစ်ဖလစ်ရောဂါကို ကုသရာတွင် ဆရာဝန်များသည် သာမန်အားဖြင့် ပင်နီဆီလင်ထိုးဆေး သုံးလုံးထိုးနှံ၍ ကုသပေးလေ့ရှိသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ အလာဘားမား တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ စတင်ဖြစ်ပွားခါစ ဆစ်ဖလစ်ရောဂါကို Benzathine Penicillin G ထိုးဆေးတစ်လုံးတည်း ထိုးနှံခြင်းဖြင့် ထိရောက်စွာကုသနိုင်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်ကုသမှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဆစ်ဖလစ်ရောဂါဖြစ်ခါစအဆင့်တွင် Benzathine Penicillin G ဆေးတစ်လုံးတည်းဖြင့် ထိရောက်စွာကုသနိုင်သည်ဖြစ်ရာ သုံးလုံးထိုးနှံမှုမှာ လူနာအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆစ်ဖလစ်ရောဂါသည် လိင်ကိစ္စတက်ကြွသည့် အမေရိကန်နိုင်ငံသားများအတွက် အဓိကကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် ဆစ်ဖလစ်ရောဂါလူနာ ၂၄၉ ဦးကို Benzathine Penicillin G ဆေးဖြင့် လက်တွေ့စမ်းသပ်ကုသပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရုရှားဆေးပညာရှင်များ ဖန်တီးထားသော ကင်ဆာကာကွယ်ဆေးတစ်မျိုးက ကုသရေးလုပ်ငန်းများ၌ အသုံးချနိုင်သည့်အဆင့်ရောက်ရှိ

**မော်စကို စက်တင်ဘာ ၁၀**

ရုရှားဆေးပညာရှင်များ ဖန်တီးထားသော ကင်ဆာကာကွယ်ဆေး တစ်မျိုးသည် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ကုသရေးလုပ်ငန်းများ၌ အသုံးချနိုင်သည့်အဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း စက်တင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ရုရှားဆေးပညာရှင်များသည် Enteromix အမည်ရှိ အဆိုပါ ကင်ဆာကာကွယ်ဆေးကို mRNA နည်းပညာသုံး၍ ဖန်တီးထားခြင်းဖြစ်သည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Enteromix ကင်ဆာကာကွယ်ဆေးသည် ကင်ဆာရောဂါအမျိုးအစားကိုလိုက်၍ ကင်ဆာဆဲလ်များကြီးထွားမှုနှုန်းကို ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ဟု ရုရှားသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ရုရှားသုတေသနပညာရှင်များသည် Enteromix ဆေးကိုဖန်တီးရေးအတွက် နှစ်ပေါင်းများစွာ သုတေသနလုပ်ခဲ့ရပြီး လက်တွေ့စမ်းသပ်မှုများအတွက် သုံးနှစ်ကြာ အချိန်ယူခဲ့ရသည်။

လက်ရှိတွင် Enteromix ဆေးကို ကင်ဆာရောဂါများ ကုသရာတွင် လက်တွေ့အသုံးပြုနိုင်သည့် အဆင့်ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားသုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်တွင် သွင်းဂိုးအများဆုံး စံချိန်ကို တိုက်စစ်မှူး စီရော်နယ်ဒိုလိုက်မီ

**လစ္စဘွန်း စက်တင်ဘာ ၁၀**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဟန်ဂေရီအသင်းနှင့် ပေါ်တူဂီအသင်းတို့တွေ့ဆုံခဲ့ရာ ပေါ်တူဂီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ကားလို့ရုဇ်၏ စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဆင့်တွင် ဂွါတီမာလာအသင်းမှ တိုက်စစ်မှူးဟောင်း ကားလို့ခရုဇ်က သွင်းဂိုး ၃၉ ဂိုးဖြင့် ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်လျက်ရှိပြီး စီရော်နယ်ဒိုက ဟန်ဂေရီအသင်းနှင့်ပွဲစဉ်တွင် ဒုတိယပိုင်းပွဲကစားချိန်၌ ပင်နယ်တီမှတစ်ဆင့် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ခြေစစ်ပွဲအဆင့်တွင် သွင်းဂိုး ၃၉ ဂိုး ထိ ရှိလာခဲ့ပြီး ကားလို့ခရုဇ်၏စံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဆင့်တွင် ဂိုးသွင်းအများဆုံး ကစားသမားများအဖြစ် တိုက်စစ်မှူး စီရော်နယ်ဒိုနှင့် တိုက်စစ်မှူးဟောင်း ကားလို့ခရုဇ်တို့က သွင်းဂိုး ၃၉ ဂိုးစီဖြင့် ဂိုးသွင်းအများဆုံး ဖြစ်နေသော်လည်း စီရော်နယ်ဒိုက ကားလို့ခရုဇ်၏ စံချိန်ကိုကျော်ဖြတ်နိုင်ရန် သေချာနေကာ ၎င်းနောက်တွင် တိုက်စစ်မှူး မက်ဆီက သွင်းဂိုး ၃၆ ဂိုးဖြင့် ဖိအားပေးနေကြောင်း သိရသည်။

အသက် ၄၀ နှစ်ရှိ တိုက်စစ်မှူး စီရော်နယ်ဒိုသည် နိုင်ငံအသင်းအတွက် ပြိုင်ပွဲစုံ ပွဲပေါင်း ၂၂၃ ပွဲ ကစားခဲ့ရာတွင် သွင်းဂိုး ၁၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် နိုင်ငံတကာသွင်းဂိုး အများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ကစားသမားဘဝတွင် ကလပ်အသင်းနှင့် နိုင်ငံအသင်းပေါင်း သွင်းဂိုး ၉၄၃ ဂိုးထိ သွင်းယူထားနိုင်ခဲ့ကာ ကစားသမားဘဝမှ အနားမယူမီ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် မျှော်လင့်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## တိုက်စစ်မှူး အွန်နရီ၏ နိုင်ငံတကာသွင်းဂိုးစံချိန်ကို တိုက်စစ်မှူးအမ်ဘက်ပီ ကျော်ဖြတ်နိုင်ခဲ့

**ပဲရစ် စက်တင်ဘာ ၁၀**

ပြင်သစ်အသင်းက အိုက်စလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီသည် အွန်နရီ၏ နိုင်ငံတကာသွင်းဂိုး ၅၁ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။



တိုက်စစ်မှူးဟောင်း အွန်နရီသည် ပြင်သစ်လက်ရွေးစင်အသင်းအတွက် သွင်းဂိုး ၅၁ ဂိုးသွင်းယူကာ ဒုတိယမြောက် ဂိုးအများဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခု ခြေစစ်ပွဲစဉ်တွင် တိုက်စစ်မှူး အမ်ဘက်ပီက အသင်းအတွက် ဦးဆောင်ဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် သွင်းဂိုး ၅၂ ဂိုးထိ ရှိခဲ့သဖြင့် ဒုတိယမြောက် ဂိုးသွင်းအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမ်ဘက်ပီသည် ပြင်သစ်အသင်းအတွက် ပြိုင်ပွဲစုံ ပွဲပေါင်း ၉၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး၅၂ဂိုးထိသွင်းယူနိုင်ခဲ့သည့် အပြင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်နေသည့် တိုက်စစ်မှူး ဂီရော့နှင့် သွင်းဂိုး ငါးဂိုးသာ ကွာခြားနေသဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွင်း ဂီရော့၏ စံချိန်ကိုလိုက်မီရန် သေချာလျက်ရှိသည်။

ပြင်သစ် အသင်းသမိုင်းတစ်လျှောက်တွင် ဂိုးသွင်းအများဆုံး ကစားသမားများအဖြစ် တိုက်စစ်မှူး ဂီရော့က သွင်းဂိုး ၅၇ ဂိုးဖြင့် အဆင့်(၁)၊ အမ်ဘက်ပီက သွင်းဂိုး ၅၂ ဂိုးဖြင့် အဆင့်(၂)၊ တိုက်စစ်မှူး အွန်နရီက သွင်းဂိုး ၅၁ ဂိုးဖြင့် အဆင့်(၃)၊ တိုက်စစ်မှူး ဂရစ်ဇ်မန်းက သွင်းဂိုး ၄၄ ဂိုးဖြင့် အဆင့်(၄)၊ မိုက်ကယ်ပလာတီနီက သွင်းဂိုး ၄၁ ဂိုးဖြင့် အဆင့်(၅)တွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : SI

Trs : ML

## AFC Challenge League ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် Tainan City အသင်းတို့ စတင်ကစားရမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AFC Challenge League ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာကိုယ်စားပြု ရှမ်းယူနိုက်တက် အသင်းသည် တရုတ်(တိုင်ပေ)ကလပ် Tainan City အသင်းနှင့် စတင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် AFC Challenge League ပြိုင်ပွဲကို အုပ်စုအဆင့်မှ စတင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ အုပ်စု(E)တွင် တရုတ်(တိုင်ပေ)ကလပ် Tainan City အသင်း၊ ကမ္ဘောဒီးယားကလပ် Phnom Penh Crown FC အသင်း၊ အင်ဒိုနီးရှားကလပ် Dewa United အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် Tainan City အသင်း၊ အောက်တိုဘာ ၂၉ ရက်တွင် Phnom Penh Crown FC အသင်း၊ နိုဝင်ဘာ ၁ ရက်တွင် Dewa United အသင်းတို့နှင့် ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

STA

## Ryder Cup ပြိုင်ပွဲဝင်မည့် ဥရောပအသင်း အသင်းခေါင်းဆောင်အဖြစ် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်ကိုရွေးချယ်ရန် သတင်းထွက်ပေါ်

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်အသင်းနှင့် ဥရောပအသင်းတို့ကြား နှစ်နှစ်တစ်ကြိမ် ကျင်းပ ပြုလုပ်လျက်ရှိသည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်း၏ အသင်းခေါင်းဆောင်သစ်အဖြစ် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင်ရို့စ်ကို ရွေးချယ်သွားဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာသည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

2025 Ryder Cup အသင်းခေါင်းဆောင်အဖြစ် လုခ်ဒေါ်နယ်က တာဝန်ယူထားပြီး ပြိုင်ပွဲအပြီးတွင် လုခ်ဒေါ်နယ်သည် အသင်းခေါင်းဆောင်အဖြစ်မှ အနားယူသွားမည်ဖြစ်ပြီး အသင်းခေါင်းဆောင်နေရာအတွက် ဂျက်စတင်ရို့စ်ကို ခန့်အပ်သွားရန်လည်း သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျက်စတင်ရို့စ်သည် အသက် ၄၅ နှစ်အရွယ်သာ ရှိသေးသည့် ကစားသမား တစ်ဦးဖြစ်သလို ကစားသမားတစ်ဦး အနေဖြင့် ကျင်လည်နိုင်သေးသည့် အသက်အပိုင်းအခြား ဖြစ်သော်လည်း လုခ်ဒေါ်နယ်က ၎င်း၏နေရာအတွက် အသင့်တော်ဆုံးမှာ ဂျက်စတင်ရို့စ် ဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့ဖူး၍ လုခ်ဒေါ်နယ်သာ အနားယူပါက ဂျက်စတင်ရို့စ်က ဥရောပအသင်းခေါင်းဆောင်ဖြစ်လာနိုင်ဖွယ်ရှိနေသည်။



ဂျက်စတင်ရို့စ်က "လုခ်ဟာ ဥရောပအသင်းအတွက် အသင်းခေါင်းဆောင်တစ်ဦး အနေနဲ့ အကောင်းဆုံး လုပ်ဆောင်ပြထားပါတယ်။ လုခ်ရဲ့နေရာအတွက် ကျွန်တော့်ကို ခန့်အပ်သွားမယ်ဆိုတဲ့သတင်းတွေတော့ ကြားရပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အလုပ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူတွေဟာ ကျွန်တော်နဲ့ ကစားသမားဘဝမှာ အတူယှဉ်တွဲကစားခဲ့ဖူးတဲ့သူတွေပါ။ အသင်းသားတစ်ဦးအနေနဲ့လဲ အသင်းခေါင်းဆောင် ဘာတွေလုပ်သလဲ ဆိုတာကိုလဲ အမြဲလေ့လာဖြစ်ခဲ့ပါတယ်။ လုခ်ဟာ ပြိုင်ပွဲကာလအတွင်းမှာ အသင်းခေါင်းဆောင်တစ်ဦးအနေနဲ့ သူလုပ်ရမဲ့ အလုပ်တွေကို လုပ်ဆောင်ရုံတင်မဟုတ်ဘဲ အသင်းသားတွေရဲ့ စိတ်ခံစားပိုင်းဆိုင်ရာနဲ့ နိုင်လိုစိတ်ပြင်းထန်အောင်လဲလှုံ့ဆော်ပေးနိုင်ပါတယ်။ ဒါကြောင့် လုခ်ကိုပဲ အသင်းခေါင်းဆောင်တစ်ဦး အနေနဲ့ ဆက်လက် ရှိနေစေချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ❑ နော်ဝေအသင်းက မော်ဒိုဗာအသင်းကို ၁၁ ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး ငါးဂိုးထိ သွင်းယူပေးခဲ့သည့် တိုက်စစ်မှူးဟာလန်းသည် နိုင်ငံအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး ၄၈ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။
- ❑ ဂျာမနီကလပ် ဝုဖ်ဘတ်အသင်းက မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာခဲ့သည့် ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ❑ ကွင်းလယ်ကစားသမား ဂါဗီအနေဖြင့် စပိန်အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့်ဒူးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုပြုလုပ်ရမည်ဖြစ်ကြောင်း နည်းပြဒီလာဖူအန်တီက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## ဘရာဇီးအသင်းကိုအနိုင်ယူပြီး ဘိုလီးဗီးယားအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ play-off ကစားခွင့်ရရှိ



**လာပါ့ဇ် စက်တင်ဘာ ၁၀**

တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုလီးဗီးယားအသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် ဘိုလီးဗီးယားအသင်းက အိမ်ရှင်အားသာချက်ဖြင့် ဘရာဇီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ play-off ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုလီးဗီးယားအသင်းက ဘရာဇီးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာမရခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး တောက်လျှောက်ဖိအားပေးနိုင်ခဲ့ရာ ပွဲကစားချိန် ၄၅မိနစ်တွင် ပင်နယ်တီမှဦးဆောင်ဂိုးရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန်တွင်လည်း ပြိုင်ဘက်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

တောင်အမေရိကဇုန် အမှတ်ပေးဇယားတွင် အဆင့်(၁) မှ အဆင့်(၆)ထိ အသင်းများက တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီးနောက် ဘိုလီးဗီးယားအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့သည် နောက်ဆုံးပွဲစဉ်တွင် play-off ကစားခွင့်အတွက် အကြိတ်အနယ်ရှိခဲ့သော်လည်း ဘိုလီးဗီးယားအသင်းက ဘရာဇီးအသင်းကို နိုင်ပွဲရခဲ့သော်လည်း ဗင်နီဇွဲလားအသင်းက အိမ်ကွင်းတွင် ကိုလံဘီယာအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ရမှတ်နှစ်မှတ် ကွာဟခဲ့သောကြောင့် play-off ကစားခွင့်နှင့်လွဲချော်ခဲ့ရသည်။

ခြေစစ်ပွဲစဉ်များ အပြီးတွင် အာဂျင်တီးနားအသင်းက အဆင့်(၁)၊ အီကွေဒေါအသင်းက အဆင့်(၂)၊ ကိုလံဘီယာအသင်းက အဆင့်(၃)၊ ဥရုဂွေးအသင်းက အဆင့်(၄)၊ ဘရာဇီးအသင်းက အဆင့်(၅)၊ ပါရာဂွေးအသင်းက အဆင့်(၆)၊ ဘိုလီးဗီးယားအသင်းက အဆင့်(၇)နေရာတွင် အစဉ်လိုက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## မန်ချက်စတာဒါဘီပွဲစဉ်ကို တိုက်စစ်မှူး မာမွတ်ရှ် လွဲချော်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းထုတ်ပြန်

**မန်ချက်စတာ စက်တင်ဘာ ၁၀**

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အီဂျစ်အသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် တိုက်စစ်မှူး မာမွတ်ရှ်သည် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် ယခုတစ်ပတ်အတွင်း ကစားရမည့် မန်ချက်စတာ ဒါဘီပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး မာမွတ်ရှ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အီဂျစ်အသင်းနှင့်ဘာကီနာဖာဆိုအသင်းတို့ပွဲစဉ်တွင် ပွဲအစ ကိုးမိနစ်ကတည်းက ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ဖေဆယ်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး အသင်းအနေဖြင့် ဘာကီနာဖာဆို အသင်းကို ဂိုးမရှိသရေရလဒ်သာကစားနိုင်ခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး မာမွတ်ရှ်ကို မန်စီးတီးအသင်းက လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကနဦးဆေးရလဒ်များအရ ဒဏ်ရာပြင်းထန်မှုကြောင့် မန်ယူအသင်းနှင့်ကစားရမည့် ဒါဘီပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

မန်စီးတီးအသင်း အနေဖြင့် နိုင်ငံတကာ ပြိုင်ပွဲကာလမတိုင်မီကတည်းက ကွင်းလယ်ကစားသမားကိုဗာဆစ်၊ဂါဗာဒီယို၊ဆာဗင်ဟို၊ ချာကီ ၊ ခူဆာနို့ဗ်၊ ရီကိုလူးဝစ်၊ အိုရိုင်းလီတို့ကို လက်လွှတ်ခဲ့ရပြီးနောက် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း တိုက်စစ်မှူး မာမွတ်ရှ်နှင့် ခံစစ်ကစားသမား ဂွါန်စတုန်းတို့ကိုလည်း ဒဏ်ရာကြောင့် ထပ်မံလက်လွှတ်ရမည်ဖြစ်သောကြောင့် မန်ယူအသင်းနှင့်ပွဲစဉ်၌ ရလဒ်ကောင်းရန် ရုန်းကန်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



## World Boxing Championships လက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ကာမာရာနှင့် မာကင်တို့ တက်ရောက်

**လီဗာပူး စက်တင်ဘာ ၁၀**

အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ကျင်းပနေသည့် World Boxing Championships လက်ဝှေ့ပြိုင်ပွဲ၏ အမျိုးသား ၇၀ ကီလိုဂရမ်တန်း ဗြိတိန်လက်ဝှေ့သမားများဖြစ်ကြသည့် ကာမာရာနှင့် မာကင်တို့သည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဂရိတ်ဗြိတိန်လက်ဝှေ့ အသင်းအတွက် ဆုတံဆိပ်များရယူနိုင်ရန် နီးစပ်လာပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာမာရာသည် ၃၂ ဦးအဆင့်တွင် ကနေဒါလက်ဝှေ့သမားမန်နူနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ပွဲစပြီး စက္ကန့် ၃၀ အတွင်း မန်နူအား လဲကျအောင် ထိုးသတ်နိုင်ခဲ့ပြီး မန်နူက အကောင်းဆုံးပြန်လည်တုံ့ပြန်နိုင်ခဲ့သည်။

ပွဲအပြီးတွင် ကာမာရာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်ပေးဒိုင်နှစ်ဦးက (၃၀-၂၆) ရမှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်တစ်ဦးက (၃၀-၂၇) မှတ်ဖြင့် ကာမာရာအား အနိုင်ပေးခဲ့ကြောင်း သိရသည်။

ကာမာရာသည် ကွာတားဖိုင်နယ်အဆင့်တွင် မွန်ဂိုလီးယားလက်ဝှေ့သမား အော့ဂွန်ဘာတာနှင့် ယှဉ်ပြိုင်ထိုးသတ်သွားရမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ကိုယ်စားပြု လက်ဝှေ့သမားတစ်ဦးဖြစ်သည့် မာကင်သည် ၃၂ ဦးအဆင့်တွင် ပိုလန်လက်ဝှေ့သမား ဂျာလင်စကီနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် သုံးဦးစလုံးက (၂၉-၂၈) မှတ်ဖြင့် မာကင်အား အနိုင်ပေးခဲ့ပြီး မာကင်သည် ကွာတားဖိုင်နယ်အဆင့်တွင် ကနေဒါလက်ဝှေ့သမား ဂျိုရှူအာအိုဖိုရီနှင့် ယှဉ်ပြိုင်ထိုးသတ်သွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : ECHO Liverpool

Trs : AZL

## တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပမည့် ရန်ပုံငွေပွဲစဉ်တွင် ဂန္ထဝင်ကစားသမားကြီး အများစုပါဝင်မည်

**ဆိုးလ် စက်တင်ဘာ ၁၀**

တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပမည့် ရန်ပုံငွေ ဘောလုံးပွဲစဉ်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ဂန္ထဝင်ကစားသမားကြီးများအပြင် ဘောလုံးလောကမှ ဂန္ထဝင်ကစားသမားအများစုပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေပွဲစဉ်ကို FC Spear အသင်းနှင့် Shield United အမည်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဂန္ထဝင်ကစားသမားများအဖြစ် သတ်မှတ်ခံထားရသည့် အာဆင်နယ်အသင်းမှ အွန်နရီ၊ မန်ယူအသင်းမှ ဖာဒီနန်၊ ရွန်းနီ၊ ပက်ဂျီဆန်၊ ဗီဒစ်၊ လီဗာပူးအသင်းမှ ဂျာရက်၊ စပါးအသင်းမှ ဂါရက်ဘေးလ်တို့ ပါဝင်မည်ဖြစ်သည်။

အလားတူ အခြားဂန္ထဝင်ကစားသမားများဖြစ်သည့် ဘာစီလိုနာနှင့် အေစီမီလန်အသင်းမှ ရော်နယ်ဒင်ဟို၊ ဘိုင်ယန်မြူးနစ်အသင်းမှ စတိတိုင်ဂါ၊ အေစီမီလန်ဂန္ထဝင်နက်စတာ၊ကာကာနှင့် ဘာစီလိုနာဂန္ထဝင် ပူယိုးလ်တို့လည်းပါဝင်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို နည်းပြများအဖြစ် ပရီးမီးယားလိဂ် ဂန္ထဝင်နည်းပြများဖြစ်သည့် အာဆင်နယ်အသင်း နည်းပြဟောင်း အာဆင်ဝင်းဂါးက FC Spear အသင်းနှင့် လီဗာပူး အသင်းနည်းပြဟောင်း ဘင်နီတက်က Shield United အသင်းတို့ကို တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကာ အဆိုပါပွဲစဉ်ကို စက်တင်ဘာ ၁၃ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## Davis Cup တင်းနစ်ပြိုင်ပွဲ၌ ကာလကြာဆုဖလားဆွတ်ခူးနိုင်ခြင်းမရှိသည့် ဩစတြေးလျအသင်း မှတ်တမ်းဆိုးကိုချေဖျက်မည်ဟု ဒီမီနောပြောကြား

**ကင်ဘာရာ စက်တင်ဘာ ၁၀**

Davis Cup တင်းနစ်ပြိုင်ပွဲတွင် ဆုဖလားဒုတိယမြောက်အများဆုံးဆွတ်ခူးသည့် ဩစတြေးလျအသင်းသည် Davis Cup တင်းနစ်ပြိုင်ပွဲတွင် ၂၀၀၃ ခုနှစ်ကတည်းက ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်း မရှိသည့်မှတ်တမ်းဆိုးမှ လွတ်မြောက်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ဩစတြေးလျအဆင့်(၁) တင်းနစ်ကစားသမား ဒီမီနောက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

2025 Davis Cup တင်းနစ်ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည့် ဩစတြေးလျအသင်းတွင် အဓိကကစားသမားတစ်ဦး အနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည့် ဒီမီနောက ၂၀၂၄ ခုနှစ်တွင် ချန်ပီယံဆုဖလားအား ဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်၌ ရှုံးနိမ့်ခဲ့ရသည်ကို ဝမ်းနည်းနေကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျအသင်း၏ အသင်းခေါင်းဆောင်အဖြစ် လေတန်ဟီဝက်က တာဝန်ယူသွားမည်ဖြစ်ပြီး လက်ရည်စစ်ပွဲစဉ်အဖြစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဘယ်လ်ဂျီယံအသင်းနှင့် လာမည့်ရက်သတ္တပတ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ဒီမီနောက "ဒီရက်သတ္တပတ်ကတော့ ကျွန်တော့်အတွက် ပျော်စရာကောင်းတဲ့ရက်သတ္တပတ်ပါ။ ဘာလို့လဲဆိုတော့ ပွဲချိန်ဇယားတွေကဆက်နေတော့ တောက်လျှောက်ပြိုင်ပွဲဝင်ရတဲ့ ရက်သတ္တပတ်ဖြစ်တဲ့ အတွက်ကြောင့်ပါ။အခုပြိုင်ပွဲတွေ ဆက်နေပြီးတော့ နိုင်ငံအသင်းအနေနဲ့လဲ 2025 Davis Cup တင်းနစ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲတွေ ကစားရအုံးမယ်။ တစ်ဦးချင်းပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိရေး ထက်နိုင်ငံအတွက် အောင်မြင်မှုတွေရယူပေးနိုင်တာကို ပိုပြီးတော့ အလေးထားပါတယ်။ နိုင်ငံအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားချင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ကိုယဉ်ချစ်(မန္တလေး)

ပညာသည် လူတစ်ဦးချင်းစီ၏အရည်အသွေးကိုမြင့်မားစေသည်။ ပညာသည်လေ့လာသင်ယူရန် အတိုင်းအဆမရှိကျယ်ပြောသည်။ အချိန်ရတိုင်း သင်ယူလေ့လာမှုပြုနေသူများသည် တိုးတက်အောင်မြင်ကြသည်။ ပညာတတ်သူသည် ဘဝတစ်လျှောက်တွင်တွေ့ကြုံရသည့်အခက်အခဲများကို ပညာဉာဏ်ဖြင့်ကျော်ဖြတ်နိုင်ကြသည်။ ပညာမဲ့သူသည်ဘဝကို ပင်ပန်းဆင်းရဲစွာဖြတ်သန်းကြရသည်။

ပညာဆိုသည်မှာ ခွဲခြားသိမြင်နိုင်သောအသိဉာဏ်၊ အတတ်ဟုမြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူတိုင်းနေ့စဉ်ပြုလုပ်နေကြသည့် တွေးခေါ်၊ ပြောဆို၊ လုပ်ကိုင်မှုများ၏ကောင်းကျိုး၊ ဆိုးကျိုးများသည် ပညာတတ်မြောက်မှုမှအခြေခံသည်။ပညာကိုအသုံးချ၍လုပ်ကိုင်မှုများသည် တစ်ဦးချင်းစီမှလူအများကို ကောင်းကျိုးဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

ပညာရေးသည် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ နိုင်ငံတကာတွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အလေးပေးဆောင်ရွက်နေကြသည်။ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံတိုင်းတွင် ပညာတတ်များစွာရှိကြသည်။ ပညာတတ်များစွာရှိသည့်နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ကြသည်။

မျက်မှောက်ခေတ်တွင်အသိပညာ၊ အတတ်ပညာများသည်တစ်နေ့တခြား အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်။ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် ပညာတတ်များရှိရန်လိုအပ်သည်။ ပညာရေး၏အခြေခံဖြစ်သည့် ကျောင်းနေအရွယ်ကလေးများအားလုံး မသင်မနေရပညာရေးကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာတတ်မြောက်မှသာလျှင် ထိုပညာရပ်များကိုအသုံးချ၍ မိမိတို့ဘဝကိုကောင်းမွန်စွာတည်ဆောက်နိုင်မည်ဖြစ်သည်။ အသိပညာဗဟုသုတနှင့်ပြည့်စုံသူသည် တိရစ္ဆာန်အပေါင်းကိုအောင်နိုင်သောတောဘုရင် ခြင်္သေ့ကဲ့သို့ဝင့်ကြွားနိုင်ကြောင်းကို ရှင်မဟာရဋ္ဌသာရက "ပထမအရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပံခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြင်္သေ့ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်" ဟု ဆုံးမခဲ့သည်။

လူသားများ အလေးထားရှာဖွေစုဆောင်းနေကြသည့်ဥစ္စာစည်းစိမ်များသည် အသက်ထက်ဆုံးတည်မြဲနေမည်ဟုမဟုတ်ပါ။ ရန်သူမျိုးငါးပါးတို့၏ ဖျက်ဆီးခြင်းကြောင့် အချိန်မရွေးပျက်စီးဆုံးရှုံးသွားနိုင်သည်။ ပညာသည်တတ်မြောက်ထားသူအသက်ရှင်နေသမျှ ထိုသူနှင့်အတူ ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ပညာ၏တန်ခိုးစွမ်းအင်သည် အလွန်ကြီးမားကြောင်းထင်ရှားသည်။ပညာသင်ယူကြရာတွင် ပညာတတ်မြောက်မှုနှင့်ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ ပညာရှိ၊ ပညာရှင်၊ သာမန်ပညာတတ်နှင့်ပညာမဲ့သူများ ကွဲပြားခြားနားသွားကြသည်။

ပညာရှိဆိုသည်မှာ ဉာဏ်ပညာအကြားအမြင်ဗဟုသုတနှင့်ပြည့်စုံသူဖြစ်သည်။ ပညာရှိတို့သည် အချိန်များစွာအသုံးပြု၍ပညာရပ်များကို သင်ယူလေ့လာခဲ့ကြသည်။ အတွေ့အကြုံဗဟုသုတများစွာရှာဖွေခဲ့ကြသူများဖြစ်သည်။ လေ့လာသင်ယူထားခဲ့သည့်ပညာရပ်များဖြင့် အများကောင်းကျိုးကိုဖော်ဆောင်ပေးနိုင်ကြသည်။ ဖတ်မှတ်လေ့လာခဲ့သည့်စာပေပညာများ၊ ဖြတ်သန်းခဲ့သည့်ဘဝတစ်လျှောက်လုံးမှရရှိခဲ့သည့် အတွေ့အကြုံများစွာကို ပိုင်ဆိုင်ထားကြသည်။ ရှေးမြန်မာမင်းအဆက်ဆက်တွင် ပညာရှိများကိုမှူးမတ်များအဖြစ်ခန့်ထား၍ အုပ်ချုပ်သူဘုရင်၏အနီးတွင် အမှုထမ်းစေသည်။ အုပ်ချုပ်သူဘုရင်များသည် အခက်အခဲ၊ ပြဿနာများပေါ်ပေါက်ပါလာကပညာရှိများထံမှ အကြံဉာဏ်များ ရယူ၍ဖြေရှင်းခဲ့ကြသည်။ ပညာရှိများ၏တွေးခေါ်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုများသည်ထူးချွန်ထက်မြက်ကြသည်။

ပညာရှင်ဆိုသည်မှာ ပညာတစ်ရပ်ရပ်ကိုတတ်မြောက်ကျွမ်းကျင်သူဖြစ်သည်။ အတွေးအခေါ်ပညာရှင်၊ စာပေပညာရှင်၊ ဆေးပညာရှင်၊ စက်မှုပညာရှင်၊ အနုပညာရှင်စသည်တို့ကိုဆိုလိုသည်။ တတ်မြောက်ထားသည့်ဘာသာရပ်အလိုက် ထူးချွန်သူများဖြစ်သည်။

**❖ ပညာရေးသည် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ နိုင်ငံတကာတွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အလေးပေးဆောင်ရွက်နေကြသည်။ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံတိုင်းတွင် ပညာတတ်များစွာရှိကြသည်။ ပညာတတ်များစွာရှိသည့်နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ကြသည်။ မျက်မှောက်ခေတ်တွင် အသိပညာ၊ အတတ်ပညာများသည် တစ်နေ့တခြားအရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည်။ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် ပညာတတ်များရှိရန်လိုအပ်သည်။ ❖**

သာမန်ပညာတတ်များသည် သင်ယူတတ်မြောက်ပြီးသည့်ပညာရပ်များကို သာမန်သာအသုံးချတတ်ကြသည်။ တတ်မြောက်ထားသည့်ပညာဖြင့် လုပ်ကိုင်မည့်အလုပ်များအပေါ် ကောင်းကျိုးဖြစ်ထွန်းစေမည့် တွေးတောကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုများကို ဆင်ခြင်လုပ်ကိုင်နိုင်သည်။ ကြိုးစားအားထုတ်မှုနည်းပါးသည့် ပညာတတ်များသည် ဘွဲ့ဒီဂရီများရရှိထားသော်လည်း ထူးချွန်ထက်မြက်မှုမရှိဘဲ သာမန်အဆင့်တွင်သာရှိတတ်သည်။

ပညာမဲ့သူများသည် အသိပညာဗဟုသုတနည်းပါးကြသည်။ မိမိသိထားသလောက် အသိပညာကို အထင်ကြီးတတ်ကြသည်။ ကိုယ်ပိုင်ဉာဏ်ပညာနည်းပါး၍ သူတစ်ပါးအပြောအဆို အလုပ်အကိုင်များကိုခိုင်းသည့်အတိုင်း အလွယ်တကူလုပ်ဆောင်တတ်ကြသည်။ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားတတ်မှုအားနည်းသဖြင့် လုပ်ကိုင်သည့်အလုပ်အများစုသည်မှားယွင်းတတ်ကြသည်။ မှန်သည်ထင်လျှင် တဇွတ်ထိုးလုပ်တတ်ကြ၍ ဆိုးကျိုးများကိုသာခံစားရတတ်သည်။ ပညာမဲ့သူများ၏ အချို့လုပ်ရပ်များသည်ကာယကံရှင်ကိုယ်တိုင်သာမကဘဲ ပတ်ဝန်းကျင်ကိုပါထိခိုက်နစ်နာမှုများကိုဖြစ်ပေါ်စေသည်။

ပညာရေးကဏ္ဍတွင် အဓိကကျသူများမှာမိဘနှင့်ဆရာများဖြစ်ကြသည်။ မိဘတိုင်းသည် သားသမီးများ၏ လက်ဦးဆရာများဖြစ်သည်။ မိဘတိုင်းကသားသမီးများကို ဆင်စီးမြင်းရံဖြစ်စေချင်ကြသည်။ သားသမီးကိုချစ်မြတ်နိုးမှုသည် လွဲချော်မသွားရန်လိုအပ်ပေသည်။ မိဘတိုင်းက သားသမီးများကို ကြီးပွားတိုးတက်စေရန် မဖြစ်မနေလုပ်ဆောင်ပေးရမည်မှာ ပညာတတ်များဖြစ်လာစေရေးဖြစ်သည်။

ဆရာတိုင်းသည် ၎င်းတို့တတ်မြောက်ထားသည့် ပညာရပ်များကို တပည့်များအားကျောသားရင်သားမခွဲခြားဘဲတတ်မြောက်စေရန် သင်ကြားပေးသူများဖြစ်သည်။ ကျောင်းစာများတတ်မြောက်ရေးတစ်ခုတည်းမဟုတ်ဘဲ တပည့်များကိုလိမ္မာယဉ်ကျေးရန်၊ ပညာထူးချွန်ထက်မြက်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ ဘေးရန်မကျရောက်ရန် သွန်သင်ဆုံးမလမ်းပြပေးသူများဖြစ်သည်။

ပညာသင်ကြားနေစဉ်အတွင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ ကြိုးစားယှဉ်ပြိုင်မှု၊ အများအကျိုးကိုသယ်ပိုးဆောင်ရွက်လိုစိတ်ဓာတ်ကောင်းများ ရှိလာစေရန်လည်း သွန်သင်ပြသပေးကြသည်။ ဤစိတ်ဓာတ်များသည် ပညာသင်ယူမှုပြီးဆုံးသွားပြီးနောက် လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်သည့်အချိန်ထိ အထောက်အကူများစွာဖြစ်စေသည်။

ပညာရပ်တိုင်းကို ဆရာများထံမှသင်ယူဆည်းပူးကြရသည်။ ဆရာမရှိဘဲတတ်မြောက်သည့် ပညာဟူ၍မရှိပါ။ ဆရာဆိုရာတွင် သင်ဆရာ၊ မြင်ဆရာနှင့် ကြားဆရာများအားလုံးကိုဆိုလိုသည်။ ဤဆရာသုံးမျိုးနှင့်မည်သူမျှမကင်းကြပါ။ တပည့်တစ်ဦးချင်းစီ၏ သင်ယူနိုင်မှုစွမ်းအား၊ စိတ်ပါဝင်စားမှု၊ ကြိုးစားအားထုတ်မှုအခြေအနေများ ကွာခြားမှုအရ ပညာအရည်အချင်းများလည်း မတူညီကြပေ။ မတူညီမှုများကြောင့် လူနေမှုဘဝများ ကွဲပြားသွားခြင်းဖြစ်သည်။

မိဘဆရာပူးပေါင်း ကလေးပညာကောင်း ဆိုသည့်ဆောင်ပုဒ်အတိုင်း မိဘနှင့်ဆရာများက သားသမီးများ၊ တပည့်များကို ထူးချွန်ထက်မြက်၍ တိုးတက်အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပညာသင်ကြားရေးတစ်ခုတည်း သာမကလိမ္မာယဉ်ကျေး၍ ထူးချွန်ထက်မြက်သူများဖြစ်စေရန်ပြုစုပျိုးထောင်ပေးရန်လည်းလိုအပ်သည်။

ပညာသင်ယူကာ ဘဝရှင်သန်ရပ်တည်ရေးအတွက် လုပ်ငန်းခွင်အသီးသီးသို့ဝင်ရောက်လုပ်ကိုင်ကြရသည်။ လုပ်ငန်းခွင်များတွင် သင်ယူတတ်မြောက်ခဲ့သည့်ပညာရပ်များကို အသုံးပြုကြရသည့်အပြင် လုပ်ငန်းခွင်နှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို ဆက်လက်သင်ယူလုပ်ကိုင်ကြရသည်။ မိမိဝီရိယစိုက်ထုတ်သင်ယူခဲ့သည့်ပညာတတ်မြောက်မှုအလိုက် လုပ်ငန်းခွင်များတွင် အောင်မြင်မှု၊ မအောင်မြင်မှုများကို ခံစားကြရသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများပညာတတ်မြောက်မှုကဏ္ဍသည် တိုက်ရိုက်ဆက်စပ်နေသည်။ နိုင်ငံတော်ကကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (KG + 9) အထိ မသင်မနေရပညာရေးအဖြစ်ဆုံးဖြတ်ချမှတ်ထားသည်။၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများတက်ရောက်နိုင်မည့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွဲဖက်အထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင်လည်း အလားတူတွဲဖက်အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်ဆောင်ရွက်ခဲ့သည်။ အဆိုပါကျောင်းများမှ ထူးချွန်ထက်မြက်သူ ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များသို့ ဆက်လက်ပညာသင်ယူနိုင်ကြမည်ဖြစ်သည်။

ဤအစီအမံသည် အလယ်တန်းအဆင့်ပြီးမြောက်ပါက အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့်အပြင် ထူးချွန်ထက်မြက်သူများသည် သက်ဆိုင်ရာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များသို့ ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ပညာရေးကဏ္ဍတိုးတက်စေရန် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့" ဟူသည့်ဆောင်ပုဒ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အတတ်ပညာသည် အတန်းပညာကိုအခြေခံသည့်အတွက် အတန်းပညာများမြင့်မားစေရေး၊ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းပညာသင်ယူမှုများ တိုးတက်စေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်သည်။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးကဏ္ဍကိုအားပေးနေသကဲ့သို့ မိဘများ၊ ဆရာ၊ ဆရာမများကလည်း အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် လူငယ်များပေါ်ထွန်းရေးသည် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်ဝသူ လူငယ်များ၏စွမ်းအားများဖြင့်သာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အခြေခံကျသည့် ပညာရေးကဏ္ဍကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ မိဘ၊ ဆရာများနှင့်ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့မှသာ တိုင်းရင်းသားပြည်သူများလိုလားတောင့်တသော နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးသည် အခြေခံကျပေသည်၊ ထို့ကြောင့် " နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ**

# ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ စက်တင်ဘာ ၁၄ ရက်တွင် ထုတ်လွှင့်သွားမည်




ရန်ကုန် စက်တင်ဘာ ၁၀

ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN အခပေးရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် စက်တင်ဘာ ၁၄ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း အဆိုပါ ရှယ်အော်လံ ရုပ်သံဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ ဖြိုးလေးထံမှ သိရသည်။

ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း) က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က The Ray Film ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးသည့် အချစ်ဟာသဇာတ်ကား တစ်ကားဖြစ်ကြောင်း သိရသည်။

"ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကားမှာ ဖြိုးလေးနဲ့ မကြီးစိုးနဲ့က သားအမိတွေပေါ့။ မကြီးစိုးရဲ့ သမီးအကြီးမပေါ့။ မကြီးစိုးကတော့ တက္ကစီဆွဲတာပေါ့။ အမျိုးသမီး တက္ကစီမောင်းတဲ့သူပေါ့နော်။ ဖြိုးလေးကတော့ ရပ်ကွက်ထဲက သာမာန်ကောင်မလေးတစ်ယောက်နေရာက သရုပ်ဆောင်ထားတယ်။ တကယ်တော့ ဒီဇာတ်ကားမှာ ဖြိုးလေးက မိဖုရားဖြစ်ချင်တာ မဟုတ်ဘူး။ ဘုရင်မဖြစ်ချင်တာ။ ကိုယ်ချစ်ရတဲ့ယောကျ်ားကိုပဲ ယူနိုင်ရမယ်ဆုံးဖြတ်ထားတဲ့ အချစ်ကိုရှေ့တန်းတင်သူနေရာက သရုပ်ဆောင်ထားပါတယ်" ဟု သရုပ်ဆောင် ဖြိုးလေးက ပြောပြသည်။

အဆိုပါ ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်း၊ နေဝင်း၊ ရန်ပြေမိုးဒီ၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ သွက်လက်စိုးမြတ်သူဇာ၊ ဖြိုးလေး၊ နော်ဖေအယ်ထား၊ စုရှိုင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ကြောင်း သိရသည်။

ASH

# Moses The Black ဇာတ်ကား၌ ကိုရေးဟန်ဒရစ်နှင့် အာမက်ဖာဂူဆန်တို့ ပါဝင်လာ

နယူးယောက် စက်တင်ဘာ ၁၀

Moses The Black အမည်ရှိ ဒုစရိုက်ဂိုဏ်းလောက နောက်ခံ ရုပ်ရှင် ဇာတ်ကားသစ်တွင် မင်းသား ကိုရေးဟန်ဒရစ်နှင့် အာမက်ဖာဂူဆန်တို့လည်း ပါဝင်လာကြောင်း စက်တင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Moses The Black ဇာတ်ကားတွင် အဆိုပါ အမျိုးသားသရုပ်ဆောင်နှစ်ဦးသည် မင်းသား အိုမာ အက်၊ ဝစ်ခါလီဖာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ယနေ့ခေတ် ချီကာဂိုမြို့တော်မှ Moses The Black အမည်ရှိ ဒုစရိုက်ဂိုဏ်းတစ်ခု၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Moses The Black ဇာတ်ကားကို ဒါရိုက်တာ ယီလီနာပိုပိုဗစ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Moses The Black ဇာတ်ကားကို လာမည့်သီတင်းပတ်အတွင်း စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

လက်ရှိတွင် ၎င်းဇာတ်ကားရဲ့ တင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ရွှေထူး၏ ဒုတိယအကြိမ်မြောက်တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်သွားမည်

ရန်ကုန် စက်တင်ဘာ ၁၀

တေးသံရှင် ရွှေထူး၏ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရွှေထူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင်တေးသံရှင်များကလည်း အားဖြည့်ကူညီသီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ လာမဲ့ စက်တင်ဘာ ၁၄ ရက် ဆန်းဒေးညမှာ ရှိနေပါမယ်။ ကျွန်တော်ရဲ့ သီဆိုမှုတွေအပြင် Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ ပင်တိုင် တေးသံရှင်တွေကလဲ အကောင်းဆုံးတီးခတ်သီဆိုသွားမှာ ဖြစ်ပါတယ်။ မီးရောင်စုံတွေအောက်မှာ တူတူကဲဖို့အတွက်လဲ DJ Artists တွေက အကြမ်းဆုံး Beats တွေနဲ့ စောင့်နေပြီဆိုတော့ အပြတ်လန်းမဲ့ စက်တင်ဘာ ၁၄ ရက်ညကို ကြွခဲ့ဖို့မမေ့ဖို့ပါပဲ" ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။




တေးသံရှင် ရွှေထူး၏ တံခါးဖွင့်ထားပါတယ်ဟု အမည်ပေးထားသည့် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် စက်တင်ဘာ ၁၄ ရက် ည ၇ နာရီတွင် စတင်သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ASH

# A Long Winter ဇာတ်ကား၌ မင်းသား ဖရက်ဟက်ချင်ဂျာ ပါဝင်မည်

နယူးယောက် စက်တင်ဘာ ၁၀

A Long Winter အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဖရက်ဟက်ချင်ဂျာပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို နာမည်ကျော်ဒါရိုက်တာ အင်ဒရူးဟိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားပေးထားသည်။

A Long Winter ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်သေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် အဆိုပါဇာတ်ကား၌ မင်းသား ဖရက်ဟက်ချင်ဂျာနှင့်အတူသရုပ်ဆောင်မည့် အနုပညာရှင်များကိုလည်း ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

မင်းသား ဖရက်ဟက်ချင်ဂျာသည် ဒါရိုက်တာ ပင်လျူ ရိုက်ကူးထားသည့် Next Life အမည်ရှိ ဒရာမာဇာတ်ကား၌ ပါဝင်ထားသည်။

Next Life ဇာတ်ကားကို Amazon MGM က စက်တင်ဘာ ၅ ရက်မှစ၍ အမေရိကန်ပြည်ထောင်စု၌ ရုံတင်ပြသလျက် ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

၁၀၅ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းရွှေက အလှူငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၉ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးထံ လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၅ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို) တွင် ကျင်းပသွားမည် ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ်အစဉ်လာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ လာမဲ့ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ ခန့်စည်သူ၊ ထူးခန့်ကျော်၊ ဆောင်းအိန္ဒြေထွန်း မိသားစုနဲ့ ရုပ်ရှင် လောကသားတွေက အလှူငွေလာရောက် လှူဒါန်းလျက်ရှိပါတယ်။ လက်ရှိ သက်ကြီးကန်တော့ခံတွေက လူဦးရေတိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေရှိပါတယ်" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ASH

# Indaw Township exceeds target cultivation of vegetables this year


A vegetable plantation in Indaw Township.

**Indaw September 10**

Local farmers planted more sown acreage of vegetables than the target cultivation in Indaw Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, a plan was made to cultivate 4,025 acres of vegetables in Indaw Township. Planting began in May this year, and as of now, a total of 4,165 acres have already been cultivated, exceeding the initial target.

U Thein Khaing, Head of the Indaw Township Department of Agriculture, said: "This year, more than 4,000 acres of vegetables are planned for cultivation in Indaw Township. So far, over 4,100 acres have been planted, surpassing the target. The crops include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to cultivate all vegetables under the GAP system. They are also being taught to minimize the use of chemical residues and to grow crops in a way that is safe for health."

It is reported that this year, the Indaw Township Department of Agriculture is conducting training courses for vegetable farmers on GAP cultivation methods, providing technical support to ensure harvested crops are safe and healthy, and encouraging farmers to expand their vegetable cultivation.

In Indaw Township, vegetables are cultivated seasonally every year. These crops are thriving successfully, generating household income for farmers. The Department of Agriculture is providing farmers with awareness on correct cultivation methods, pest prevention, and the use of natural fertilizers, natural pesticides, and bio-pesticides.

206

# Farmers grow more than 6,000 acres of vegetables in Kalay Township

**Kalay September 10**

Local farmers have planted a total of 6,768 acres of vegetables as monsoon crops in Kalay Township of Sagaing Region, according to the township Agriculture Department.

During the 2025–2026 monsoon cropping season, 8,040 acres of vegetables are planned for cultivation in Kalay Township. Cultivation began in May this year, and so far 6,768 acres have already been planted, according to reports.

"This year, more than 8,000 acres of vegetables are planned for cultivation in Kalay Township during the monsoon season. As of today, over 6,000 acres have already been cultivated, and planting is continuing. Efforts are being made to achieve the targeted acreage. The crops include roselle, chili, onion, potato, cabbage, eggplant, and mustard. Farmers are being provided with technical guidance to grow all these vegetables under the GAP (Good Agricultural Practices) system. Training is also given to encourage minimal use of chemical residues, so that vegetables are cultivated in ways consistent with health standards," said Daw Marn Ewe, Head of the Kalay Township Agriculture Department.

This year, the Township Agriculture Department is providing farmers with training on GAP cultivation methods, techniques to ensure vegetables harvested from the fields are safe and healthy, and guidance to help farmers expand vegetable cultivation.

It is also reported that in Kalay Township, various seasonal vegetables are grown each year, contributing to successful harvests and household income. To support vegetable growers, the Township Agriculture Department is providing awareness programs on correct cultivation practices, pest prevention, and the use of natural fertilizers, bio-pesticides, and organic repellents.

206

# Monywa Township plants more than 9,000 acres of green gram

**Monywa September 10**

According to the statistics of Monywa Township Agriculture Department, local farmers have planted 9,007 acres of green gram as monsoon crops in Monywa Township of Sagaing Region.

During the 2025-2026 monsoon cropping season, a total of 10,300 acres of green gram are planned for cultivation in Monywa Township. Cultivation began in May this year, and so far 9,007 acres have already been planted, according to reports.

"This year, more than 10,000 acres of green gram are planned for cultivation in Monywa Township during the monsoon season. As of today, over 9,000 acres have already been cultivated. Efforts are being made to meet the targeted acreage. In relation to green gram cultivation, awareness programs are being carried out to encourage farmers to expand cultivation and to use quality and pure seeds in order to achieve good yields," said U Soe Thet Aung, Head of the Township Agriculture Department in Monywa.

This year, the Township Agriculture Department is providing local farmers with technical knowledge on the use of suitable and pure seed varieties, correct cultivation methods, pest prevention, systematic use of fertilizers, and ways to improve yield.

It is also reported that, during this year's monsoon season, in the cultivation of various pulses, the department is working together with farmers to ensure higher yields and better quality by providing good seed varieties, necessary inputs, and post-harvest technology.

206

# Indonesia accelerates nuclear power development target

**Jakarta September 10**

The Indonesian government has advanced its target for building a 250-megawatt on-grid nuclear power plant from 2032 to 2029, a senior official said Wednesday.

Yuliot Tanjung, deputy minister of the Ministry of Energy and Mineral Resources, said regulations for establishing the Nuclear Energy Program Implementation Organization are entering the harmonization stage.

"We are pushing this forward. Soon it will enter harmonization for enactment, and the regulations will take the form of a presidential regulation," Yuliot told reporters.

He said that accelerating nuclear power development is part of Indonesia's energy transition strategy.

National electricity capacity is projected to reach 443 gigawatts by 2060, with 79 percent coming from renewable energy, the official added.

Xinhua

# South Africa will never "go on bended knee" in trade talks with U.S.: Ramaphosa

**Cape Town September 10**

South African President Cyril Ramaphosa said on Tuesday that his government is actively engaging the United States to secure a fair trade and investment deal, but emphasized that the country will not "go on bended knee" in the negotiations.

Responding to questions in the National Assembly on Tuesday afternoon, Ramaphosa told lawmakers that South African government representatives are currently in the United States for further formal negotiations.


"Our people, who are in the United States, now are fully fired up with this type of approach," he said, adding that ministers of trade and industry and international relations will join them to advance the discussions.

"They are meeting a number of stakeholders, including representatives in the administration, legislators, business people, and others," he added.

The president said that the objective of the continued engagement with the United States is to secure a mutually beneficial trade and investment deal, noting that the government has chosen the route of engagement after consultations with exporters, importers, trade unions, and the private sector.

"Our option is informed by what we want to gain. And what we want to gain is to continue exporting to the United States as much as possible, and to enable companies also to invest in the United States, but to also get U.S. companies to invest in us," Ramaphosa said.

Xinhua


South African President Cyril Ramaphosa responds to questions in the National Assembly in Cape Town, South Africa, Sept. 9, 2025.

# Over 5,600 acres of maize and sweet corns planted in KhinU Township


A sweet corn plantation in KhinU Township.

**KhinU September 10**

According to KhinU Township Agriculture Department, local farmers planted 5,600 acres of maize and sweet corns in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 1,005 acres of maize and 5,491 acres of sweet corns in KhinU Township in 2025-26 monsoon season this year. But farmers planted 176 acres of maize and 5,424 acres of sweet corns, totalling 5,600 acres.

"This year, during the monsoon crop season, KhinU Township has planned to cultivate over 6,000 acres of maize and sweet corn. So far, more than 5,000 acres have already been planted. Efforts are being made to ensure the full target is achieved. To ensure successful crop growth, awareness programs are being carried out, including education on preventing pest and disease outbreaks," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

It is reported that in KhinU Township, the Department of Agriculture is providing training courses and field demonstrations for maize and sweet corn farmers, as well as preventive measures against fall armyworm. Farmers are also being given guidance on integrated pest management, including the use of neem-based pesticides and proper use of pesticides for ginger and chili pests.

In KhinU Township, maize seed production yields more than 50 baskets per acre, with an estimated cultivation cost of around K500,000 per acre. For sweet corn, yields average 15,000 ears per acre, with cultivation costs exceeding K500,000 per acre.

206

# ChaungU Township grows more than 1,000 acres of rainfed paddy

**ChaungU September 10**

Statistics of ChaungU Township Agriculture Department mentioned that more than 1,000 acres of rainfed paddy was planted as monsoon crops in ChaungU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 15,000 acres of rainfed paddy in ChaungU Township. Planting began in July this year, and as of now, 1,425 acres have already been cultivated.

The Head of the ChaungU Township Department of Agriculture, U Tint Swe, said: "This monsoon season, the target for ChaungU Township is 15,000 acres of rainfed paddy. So far, more than 1,000 acres have been planted. Efforts are being made to ensure the full target is met. The necessary techniques and quality seeds will be provided to farmers so that they can cultivate in time. Field supervision is being carried out to help farmers plant rainfed paddy on schedule."

It is reported that, during this monsoon crop season, the township's Department of Agriculture is working together with local farmers to ensure cultivation goes smoothly and systematically without difficulties.

Farmers in ChaungU Township are also being given technical guidance on cultivation methods, pest prevention, crop protection measures to avoid losses, and advice to ensure harvested paddy is stored under shelter in a timely manner.

In order for this year's rainfed paddy fields in ChaungU Township to thrive and achieve good yields, township agriculture staff are providing field-level assistance such as selecting quality and pure seeds, preventing pest infestations, removing weeds, thinning mixed varieties, and applying fertilizers systematically.

206

# Kyunhla Township finishes cultivation of maize as monsoon crops

**Kyunhla September 10**

Local farmers have exceeded cultivation of maize more than the target cultivation in Kyunhla Township of Sagaing Region this year, according to Kyunhla Township Agriculture Department.

During the 2025–2026 monsoon cropping season, 14,995 acres of maize (seed production) were planned for cultivation in Kyunhla Township. Cultivation began in June this year, and as of today, 15,016 acres have already been planted, exceeding the original target, according to reports.

"This year, more than 14,000 acres of maize seed production were planned for cultivation in Kyunhla Township during the monsoon season. As of today, over 15,000 acres have been cultivated, which is above the planned target. To ensure successful maize production, awareness programs are being carried out, including guidance on preventing pest and disease outbreaks," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

This year, the Township Agriculture Department has been providing maize and sweet corn farmers with training sessions, demonstration field activities, pest prevention awareness, and technical guidance on integrated pest management. This includes the use of neem-based pesticides and appropriate insecticides for stem borers and shoot flies.

It is also learned that in Kyunhla Township, maize seed production yields over 50 baskets per acre, with a cultivation cost of around K500,000 per acre. Sweet corn yields about 15,000 ears per acre, with production costs also exceeding K500,000 per acre.

206


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# More than 11,000 acres of green gram grown in Myinmu Township this year

**Myinmu September 10**

Local farmers planted 11,155 acres of green gram in Myinmu Township of Sagaing Region this year, according to Sagaing District Agriculture Department.

For the 2025–2026 monsoon crop season, a plan was made to cultivate 16,609 acres of green gram in Myinmu Township. Planting began in May this year, and as of now, 11,155 acres have already been cultivated.

Daw Thida Lwin, Head of the Sagaing District Department of Agriculture, said: "This year, more than 16,000 acres of green gram are planned for cultivation in Myinmu Township. So far, over 11,000 acres have been planted. Efforts are being made to meet the full target. Farmers are also being educated on expanding cultivation areas and on using quality and pure seeds to achieve good yields."

It is reported that the Myinmu Township Department of Agriculture is providing farmers with guidance on using quality seeds suited to local conditions, ensuring seed purity, applying correct cultivation methods, preventing pest infestations, and using fertilizers systematically to improve yields.

During this year's monsoon crop season, in cultivating various pulses, the Department of Agriculture is working together with farmers to promote higher yields and better quality. This includes the provision of good-quality pure seeds, inputs, and post-harvest technologies.

206


A green gram plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က မောင်းသူမဲ့လေယာဉ်ငယ်များ၏ရန်ကိုတန်ပြန်ရန် Falcon Peak စစ်ရေးလေ့ကျင့်မှုစတင်



မြောက်အမေရိက လေကြောင်းကာကွယ်ရေးကွပ်ကဲမှုဌာန(NORAD)နှင့် အမေရိကန် မြောက်ပိုင်းကွပ်ကဲမှုဌာန (USNORTHCOM)တို့သည် မောင်းသူမဲ့လေယာဉ်ငယ်များ၏ရန်ကို တန်ပြန်ရန် Falcon Peak အမည်ရ စစ်ရေးလေ့ကျင့်မှုတစ်ခုကို စတင်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်ရေးလေ့ကျင့်မှုသည် မောင်းသူမဲ့လေယာဉ်ငယ်များ၏ ခြိမ်းခြောက်မှုကို ကာကွယ်ရန်အတွက် အခြေစိုက်စခန်းကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်ရန် ရည်ရွယ်သည်။ Eglin လေတပ်အခြေစိုက်စခန်းတွင် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၉ ရက်ထိ လုပ်ဆောင်သွားမည့် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်မြေပေါ်တွင် ပြုလုပ်ခဲ့သော မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ဖျက်ရေးစနစ်ဆိုင်ရာ စမ်းသပ်မှုများထဲမှ အကျယ်ပြန့်ဆုံးတစ်ခုဖြစ်ပြီး လက်တွေ့ဆန်သောအခြေအနေတွင် ခေတ်မီစနစ်အမျိုးမျိုးကို စမ်းသပ်နေခြင်းဖြစ်သည်။

Falcon Peak စစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်သည် အမေရိကန်စစ်ဘက်အခြေစိုက် စခန်းများအပေါ် ရန်သူ့ဒရုန်းများ ထိုးဖောက်ဝင်ရောက်လာသည့်အခြေအနေကို ပုံဖော်ရန်ဖြစ်ပြီး နေ့စဉ် နံနက် ၇ နာရီမှ ည ၇ နာရီအတွင်း Santa Rosa ကျွန်းမှ မောင်းသူမဲ့လေယာဉ်များလွှတ်တင်ပြီး ပုံစံတူအတုအယောင်တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပုံဖော်တိုက်ခိုက်မှုများသည် အမေရိကန်တပ်ဖွဲ့များကို ၎င်းတို့၏ အလွှာလိုက် ကာကွယ်ရေးစနစ်များကို လက်တွေ့အခြေအနေနှင့် နီးစပ်အောင် အကဲဖြတ်ဆန်းစစ်နိုင်စေမည်ဖြစ်သည်။

"Falcon Peak စစ်ရေးလေ့ကျင့်မှုက ကျွန်တော်တို့ကို အခြေစိုက်စခန်းတွေအပေါ် ရှုပ်ထွေးတဲ့ဒရုန်းတိုက်ခိုက်မှုတွေကိုပုံစံတူဖန်တီးပြီး ချေမှုန်းဖို့လိုတဲ့ အလွှာလိုက်ကာကွယ်ရေးစနစ်တွေကို စမ်းသပ်နိုင်စေပါတယ်။ ဒါဟာ ဒရုန်းတွေ ဈေးပေါပြီး လွယ်လွယ်ကူကူရရှိနိုင်တဲ့အတွက် ခေတ်သစ်စစ်မြေပြင်မှာ ကျွန်တော်တို့ရဲ့ အခြေစိုက်စခန်းတွေကို ကာကွယ်ဖို့အတွက်ပါ"ဟု လေ့ကျင့်မှုကို ကြီးကြပ်လုပ်ဆောင်ပေးနေသော အမေရိကန် လေတပ်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

လေ့ကျင့်မှုတွင် ကြိုတင်ထောက်လှမ်းနိုင်မည့် ခေတ်မီရေဒါစနစ်များ၊ ရေဒီယိုလှိုင်းအာရုံခံစနစ်များ၊ ဂြိုဟ်တုလမ်းကြောင်းပြစနစ်များအပေါ် ဖိဖျက်နှောင့်ယှက်နိုင်မှုစနစ်များ၊ တိုက်ရိုက်စွမ်းအင်သုံးလက်နက်စနစ်များ၊ အရွေ့စွမ်းအင်သုံးကြားဖြတ်တိုက်ခိုက်ရေး လက်နက်စနစ်များပါဝင်ခဲ့ကြသည်။ အဆိုပါစနစ်များအပေါ် တစ်ခုချင်းစီ သီးခြားစမ်းသပ်ခြင်းမဟုတ်ဘဲ အချက်အလက်များမျှဝေနိုင်ပြီး တုံ့ပြန်မှုများကို ညှိနှိုင်းဆောင်ရွက်နိုင်သည့် ပေါင်းစပ်ဖွဲ့စည်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်များကို ချက်ချင်းတိုက်ခိုက်ဖျက်ဆီးနိုင်အောင် စမ်းသပ်နေခြင်းဖြစ်သည်။

အမေရိကန်လေတပ်အနေဖြင့် ဒရုန်းများကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် မသတ်မှတ်တော့ဘဲ အတိုင်းအတာတစ်ခုထိ တုံ့ပြန်မှုများလုပ်ဆောင်ရန် လိုအပ်နေသည့် ဘုံရန်သူအဖြစ် ရှုမြင်နေပြီဖြစ်သည်။ ဒရုန်းစစ်ပွဲများသည် စစ်မြေပြင်တွင် နည်းဗျူဟာမြောက် အသာစီးရမှုကို ဆက်လက် ပြောင်းလဲစေသည့်အတွက် Falcon Peak စစ်ရေးလေ့ကျင့်မှုမှရရှိလာမည့် သင်ခန်းစာများသည် အမေရိကန်စစ်ဘက်တစ်ခုလုံး၏ အခြေစိုက်စခန်းကာကွယ်ရေးပုံစံကို အနာဂတ်တွင် အဆုံးအဖြတ်ပေးနိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**Defense Alert: U.S. Air Force launches Falcon Peak to evaluate tech for defeating small drones. ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားမရိန်းတပ်ဖွဲ့ဝင်များက အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်းပြုလုပ်သော စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ခဲ့

တောင်ကိုရီးယားမရိန်းတပ်ဖွဲ့ဝင်များသည် အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်းပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုတွင် ပထမဦးဆုံးအကြိမ် ပါဝင်ခဲ့ကြကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်ဟု The Korean Times သတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တောင်ဘက်ရှိ Jawa Barat ဒေသတွင် ပြုလုပ်ခဲ့ကြသော Super Garuda Shield စစ်ရေးလေ့ကျင့်မှုတွင် မရိန်းတပ်ဖွဲ့ဝင်ဦးရေ ၂၀ ခန့် ပါဝင်ခဲ့ကြောင်း တောင်ကိုရီးယားမရိန်းတပ်ဖွဲ့က ပြောကြားခဲ့သည်။ မရိန်းတပ်ဖွဲ့ဝင်များသည် မြို့ပြနှင့်တောတွင်းစစ်ဆင်ရေးများအပြင် ကုန်းရေနှစ်သွယ်ချေမှုန်းရေးတွင် ၎င်းတို့၏စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန် ရည်ရွယ်သည့် စစ်ရေးလေ့ကျင့်မှုအမျိုးမျိုး၌ ပါဝင်ခဲ့ကြပြီး ၎င်းတို့ထဲတွင် အထူးထောက်လှမ်းရေးနှင့် ခြေလျင်စစ်သည်များပါ ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Super Garuda Shield စစ်ရေးလေ့ကျင့်မှုကို ၂၀၀၇ ခုနှစ်ကတည်းက အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြား တောတွင်းစစ်ဆင်ရေး စွမ်းရည်များ တိုးမြှင့်ရန်အတွက် အဓိကထားကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် ဩစတြေးလျ၊ ဂျပန်၊ ဂျာမနီအပါအဝင် နိုင်ငံ ၁၃ နိုင်ငံမှ စစ်သည်အင်အား ၆၀၀၀ ကျော် ပါဝင်ဆောင်ရွက်နေသည့် စစ်ရေးလေ့ကျင့်မှုကြီးဖြစ်လာခဲ့သည်။ ယခုနှစ်တွင် တောင်ကိုရီးယားမရိန်းတပ်ဖွဲ့ဝင်များ ပထမဆုံးအကြိမ် ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်မရိန်းတပ်ဖွဲ့နှင့် အင်ဒိုနီးရှားမရိန်းတပ်ဖွဲ့တို့ကြား နှစ်စဉ်ကျင်းပပြုလုပ်နေကျ Keris Marine Exercise(MAREX) စစ်ရေးလေ့ကျင့်မှုလည်းရှိပြီး Super Garuda Shield နှင့် သီးခြားစီ ဆောင်ရွက်လေ့ရှိသော်လည်း အပြန်အလှန် အားဖြည့်ပေးနေသည့် စစ်ရေးလေ့ကျင့်မှုများလည်းဖြစ်ကြသည်။ Keris MAREX စစ်ရေးလေ့ကျင့်မှုသည် ပူးပေါင်းစစ်ဆင်ရေးစီမံကိန်းရေးဆွဲခြင်း၊ ကမ်းရိုးတန်းကာကွယ်ရေး၊ ရေကြောင်းတိုက်ခိုက်ရေးနည်းဗျူဟာများနှင့် အခြားစွမ်းရည်များကို အဓိကထားလေ့ကျင့်ကြခြင်းဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် အင်ဒို-ပစိဖိတ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် စစ်ဆင်ရေးချိတ်ဆက်လုပ်ဆောင်မှုများကို ပိုမိုခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ပြုလုပ်နေကြခြင်းလည်းဖြစ်သည်။

ယခုနှစ်တွင် မရိန်းတပ်ဖွဲ့များ ပထမဆုံးအကြိမ် ပါဝင်ခဲ့သော အမေရိကန်-အင်ဒိုနီးရှား စစ်ရေးလေ့ကျင့်မှု Super Garuda Shield ၏ အဓိကလေ့ကျင့်ရေး



ရည်မှန်းချက်များမှာ ပူးပေါင်းစစ်ဆင်ရေးစွမ်းရည်နှင့် တိုက်ခိုက်ရေးစွမ်းရည်များ မြင့်မားကောင်းမွန်စေရန်ဖြစ်သည်။ မတူညီသောပထဝီအနေအထားတွင် တိုက်စွမ်းရည်တိုးမြှင့်ရန်၊ ရေကြောင်းမှ ကုန်းပေါ်တက်ရောက် တိုက်ခိုက်နိုင်စွမ်းတိုးမြှင့်ရန်၊ နိုင်ငံစုံတပ်ဖွဲ့များကြားစစ်ဆင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းနိုင်စွမ်းကို ခိုင်မာစေရန်၊ ပေါင်းစည်းခြေလျင်တပ်ဖွဲ့ နည်းဗျူဟာများနှင့် ထောက်လှမ်းရေးတာဝန်များကို လုပ်ဆောင်နိုင်စွမ်းမြှင့်တင်ရန်၊ ပါဝင်သည့်နိုင်ငံများကြား ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အသင့်ရှိမှုတို့ကို မြှင့်တင်ရန်တို့ဖြစ်ကြောင်း သိရသည်။

အမေရိကန်-အင်ဒိုနီးရှား Super Garuda Shield ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်း၊ ဒေသတွင်းတည်ငြိမ်ရေးကို အလေးပေးခြင်း၊ ဒေတာဖလှယ်မှု လုံခြုံစေခြင်း၊ ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ခြင်း စသည့် အရေးပါသောမဟာဗျူဟာမြောက်အကျိုးသက်ရောက်မှုများရှိသည်။ Super Garuda Shield စစ်ရေးလေ့ကျင့်မှုသည် အင်ဒို-ပစိဖိတ် ဒေသတွင်းကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာမြောက်တည်ငြိမ်မှုကို မြှင့်တင်ပေးရန်တို့အတွက် အဓိကအခန်းကဏ္ဍကနေ ပါဝင်နေကြောင်း The Korean Times သတင်းဌာနက ရေးသားဖော်ပြထားကြောင်း သိရသည်။

**Marines join US-Indonesia military exercise for 1st time ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၇၂၆၀ စိုက်ပျိုးမည်




**ခင်ဦး စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၇၂၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၇၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မတ်ပဲဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းတွေကို ကွင်းဆင်းဆောင်ရွက်သွားပါမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက နှစ်လခွဲစပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့ကနေ စပါးတွေ၊ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ငပုတောမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ စက်တင်ဘာ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစ်ဖျားကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အလယ်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်ခြောက်သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၂၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅၄ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူသုံးဦးကိုငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

**ဇင်မာ**




# ကြို့ပင်ကောက်မြို့နယ် လယ်တီရွာသစ်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



**ကြို့ပင်ကောက် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ပင်ကောက်မြို့နယ် လယ်တီရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လယ်တီရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ လယ်တီရွာသစ်ကျေးရွာ၌ အရှည်ပေ ၁၇၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**



# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး၊ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများနေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန်ဖိအားပေးကစားခဲ့ကြရာ ပွဲချိန် လေးမိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး တစ်ဂိုး သွင်းကာ ပွဲစဉ်ကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ ခန့်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းက ပြန်လည်ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပွဲကစားချိန် မိနစ်အားလုံး ပြီးဆုံးချိန်တွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။

# ကော့မှူးမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၂ ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး(22nd ACDFM)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

မလေးရှားတပ်မတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် ၂၂ ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting-22nd ACDFM) ကို ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Inter Continental Hotel၌ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် ၁၅ ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (15th ASEAN Military Operations Meeting -15th AMOM)နှင့် ၂၂ ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (22nd ASEAN Military Intelligence Meeting-22nd AMIM)တို့သို့ ပါဝင်တက်ရောက်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၂ ကြိမ်မြောက် အာဆီယံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး(22nd ACDFM)ဥက္ကဋ္ဌ မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် ၂၂ ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (22nd AMIM) ဥက္ကဋ္ဌ မလေးရှားတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Lieutenant General Dato' Mohd Razali Bin Alias နှင့် ၁၅ ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး(15th AMOM)ဥက္ကဋ္ဌ မလေးရှား တပ်မတော် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေး ဌာန ဒုတိယစစ်ဦးစီးအရာရှိချုပ် Major General Dato' Indera Zahari bin Mohd Ariffin တို့က အစည်းအဝေး ရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

၎င်းနောက် တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက **"ပြည့်စုံကြွယ်ဝမှုနှင့်လုံခြုံမှုတို့အတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)"**ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီးပါဝင်ဆွေးနွေးကြသည်။



၂၂ ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Chiefs of Defence Forces Meeting-22nd ACDFM) ကျင်းပစဉ်။

မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုမှာ အဓိကအရေးပါသည့် အခြေခံကဏ္ဍတစ်ရပ် ဖြစ်သည့် **"ပြည့်စုံကြွယ်ဝမှုနှင့် လုံခြုံမှုတို့ အတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)"**ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၇) {Two Years Work Plan (2025-2027)} အား အတည်ပြုခြင်း၊ ၂၂ ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting-22nd ACDFM) ၏ ပူးတွဲကြေညာချက် (Joint Statement) အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် (Joint Statement)ကို အတည်ပြုလက်မှတ်ရေးထိုးကာ တက်ရောက်လာကြသည့် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ၂၂ ကြိမ်မြောက် အာဆီယံ




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ၂၂ ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Chiefs of Defence Forces Meeting-22nd ACDFM) တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး(22nd ACDFM)ဥက္ကဋ္ဌ မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အပိတ်မိန့်ခွန်းပြောကြားပြီး ၂၃ ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေး (23rd ACDFM) အား အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Romeo Saturnino Brawner Jr. ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေး၏အလံ (ASEAN Flag)တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေး ဦးစီးချုပ် General Ukris Boontanondha၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Saichai Kommasith နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သော ၁၅ ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (15th ASEAN Military Operations Meeting-15th AMOM)အား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိInter continental Hotel ၌လည်းကောင်း၊ ၂၂ ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (22nd ASEAN Military Intelligence Meeting-22nd AMIM)အား Shangri-La Hotel၌လည်းကောင်း စက်တင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့များ အသီးသီးပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့်အာဟာရပြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နှစ်စဉ်အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အကြိုအသိပညာပေး လှုပ်ရှားမှုအဖြစ် သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သစ်ပင်သစ်တောများထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# China-ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) - 2025 အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်





**နေပြည်တော် စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ယမန်နေ့က ကျင်းပသည့် China–ASEAN Countries Forum on Blue Economy Cooperation and Development (CA – FBE) – 2025 အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါ ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ၊ ကွမ်ရှီးကျွမ်း ပင်လယ်သမုဒ္ဒရာ စီမံခန့်ခွဲရေးဌာန အကြီးအကဲနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများကို အိန္ဒိယသမုဒ္ဒရာသို့ ဆက်သွယ်ပေးနိုင်သော အချက်အချာကျသည့်နေရာ၌ တည်ရှိနေပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းသို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်သည့် Gate–way တစ်ခုအဖြစ် တည်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သာတူညီမျှ သဿယာဝပြောမှုကို အလေးထားလျက် ဒေသတွင်းခိုင်မာ၍ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံပင်လယ်ပြာစီးပွားရေးမူဘောင် (၂၀၂၃)နှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ကို ချမှတ်၍ ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုကို အလေးထားပံ့ပိုး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ပြာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် မဖြစ်နိုင်သည့် ရည်မှန်းချက်တစ်ခုမဟုတ်ဘဲ မိမိတို့နိုင်ငံအသီးသီးက အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ်ချမှတ်၍ ဦးစားပေးဆောင်ရွက်ရမည့်၊ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်ကို နှစ်နှစ် တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ် ဖိုရမ်၏ဆောင်ပုဒ်သည် "ဆန်းသစ်တီထွင်ခြင်း၊ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ထိရောက်သော ဖြေရှင်းခြင်းနည်းလမ်းများဖြင့် တရုတ်–အာဆီယံ ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အနာဂတ်သစ်ကို ဖန်တီးစို့" (Innovation, Green Development and Smart Solutions: Shaping A New Blue Future for China and ASEAN) ဖြစ်ကာ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် သမ္မတရှီကျင့်ဖျင် အဆိုပြုခဲ့သော ရပ်ဝန်းနှင့်ပိုးလမ်းမအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်–အာဆီယံ ပင်လယ်ပြာစီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Beibu Gulf Port Group ကုမ္ပဏီ၊ China–ASEAN Artificial Intelligence Computing Centre၊ Qinzhou Port Automated Container Terminal နှင့် China–Malaysia Qinzhou Industrial Park တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေလျှင်ကြီးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် စက်တင်ဘာ ၁၀ ရက်ထိ သေဆုံးသူ ၃၈၁၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၁ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး





**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးမြို့နယ်ရှိ အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၇)က တာဝန်ယူဆောင်ရွက်ခဲ့သည့် ဘက်စုံသုံး မြို့နယ်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်း အခမ်းအနားသို့တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးသည့် ဘက်စုံသုံးခန်းမမှာ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့်လုပ်ငန်းများမှ တစ်ခုဖြစ်ပါကြောင်း၊ အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပျက်စီးမှုများမရှိစေရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၇) ဦးစီးအရာရှိ ဒေါ်တင်တင်အေးက တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးထံသို့ ဘက်စုံသုံး မြို့နယ်ခန်းမ အဆောက်အအုံနှင့် ပတ်သက်၍ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်ခန်းမအဆောက်အအုံ အသစ်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာရှိ ပုဂံနန်းမြင့်မျှော်စင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ပုဂံနန်းမြင့်မျှော်စင်မှာ အမြင့် ၁၉၈ ပေ၊ လုံးပတ် ၅၅ပေ ရှိပြီး ၂၀၀၃ ခုနှစ် ဇူလိုင်၂၇ ရက်က စတင်တည်ဆောက်၍ ၂၀၀၅ ခုနှစ် ဧပြီလတွင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပုဂံယဉ်ကျေးမှုဒေသ၏ ပတ်ဝန်းကျင်အလှအပများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်ပြီး ပြည်တွင်းပြည်ပခရီးသွား ဦးရေ ၂၀၀၀ ခန့် ဝင်ဆံ့ပါကြောင်း၊ လူဦးရေ ၇၀ ဆံ့ ကျင်းပနိုင်သည့်အစည်းအဝေးခန်းမ၊ လူဦးရေ ၆၅ ဦးဆံ့ Mini Cinema၊ စားသောက်ခန်း၊ ရုံးခန်း၊ Galleria & Souvenir shop များ စသည်ဖြင့် ဖွဲ့စည်းထားမှုအခြေအနေများနှင့် ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပုဂံမြို့ဟောင်းရှိ မဟာရာဇသိရီအနိရုဒ္ဓဒေဝအနော်ရထာမင်းကြီး၏ သိရိဇေယျဘူမိပုဂံရွှေနန်းတော်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် အာမနာကန်နှင့် မင်္ဂလာကန်(၃)သို့ရောက်ရှိပြီး တာဝန်ရှိသူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေကန်များအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ရှေ့ဖုံးမှအဆက်**

စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### နေစဉ်ကျွှာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၁၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

ယာယီ နေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသည့် ပြည်သူများဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ စခန်းများတွင် နေထိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်မှာကြားသည်။

စစ်တွေမြို့တွင် ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီအောင်ရတနာသီရိ (၁)သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၁၉၈ ဒသမ ၆၁ တန်၊ အမ်ဗွီရဲထွန်းအောင်(၂) သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၉၁၅ ဒသမ ၃ တန်၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောတွင် ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်း တန်ချိန် ၁၂၈၃ တန်တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မြို့မဈေးကြီးတွင် ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ၊ သားငါးများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ရန်ရောက်ရှိလာကြသော ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပန်းခင်းစီမံချက် အဆင့်(၃)အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အတွင်းရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြရာ နိုင်ငံသားစိစစ်ရေးကတ်ရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**❑ ဖမ်းဆီးရမိမှုအဆက်**

ထီလုံးဟီးကျေးရွာနေ နန်းဗွာ ၄၄ နှစ် လိုက်ပါလာသော ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ည ၆ နာရီတွင် သတင်းအရ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက် ၈၉ လမ်း၊ ၁၈ လမ်း - ၁၉ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဖုန်းမြင့်နိုင် ၂၈ နှစ် မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ သက်ဇော်ဦး ၃၀ နှစ် လိုက်ပါလာသော MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ရှစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖုန်းမြင့်နိုင်ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိနေအိမ်မှ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ရှစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ယဉ်ကျေးမှု)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်အား သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍အစမ်းခန့်ထားလိုက်သည်။

---

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော လုံးဆန်ဆာကြာပန်းအမှတ်တံဆိပ် သွေးတိုးကျဆေးနှင့် ရာဇဗြိုဟ်အမှတ်တံဆိပ် သွေးတိုးကျဆေးတို့သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ရရှိခဲ့သော်လည်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လွှမ်းမိုးအောင်အမှတ်တံဆိပ် သွေးချို့ဆီးချိုကျဆေးကြီးနှင့် သကြားဓာတ်ထိန်းရေနွေးကြမ်းတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါးလေးမျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်မရှိသောတိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသောအမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | လုံးဆန်ဆာကြာပန်း | သွေးတိုးကျဆေး | ဆေးပြား | TMR-011205 (1114) | မိုင်းကိုင်မြို့။ |
| ၂။ | ရာဇဗြိုဟ် | သွေးတိုးကျဆေး | ဆေးပြား | TMR-013006 (0121) | ရန်ကုန်။ |
| ၃။ | လွှမ်းမိုးအောင် | သွေးချို-ဆီးချိုကျဆေးကြီး | ဆေးပြား | - | ၉၁လမ်း၊ ၂၈-၂၉လမ်းကြား၊ ပုလိုင်းဓမ္မာရုံတောင်ဘက်၊ချမ်းသာရဘုရားမြောက်ဘက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | - | သကြားဓာတ်ထိန်းရေနွေးကြမ်း | အပိုင်းအစ | - | ဖော်ပြထားခြင်းမရှိပါ။ |



**တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ**

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


Construction Machinery Lubricating Oil



Silent Diesel Generator



Life PO4 Battery


Car Tyre (155 R 12 C)

**နေပြည်တော် စက်တင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်တွင် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာ ယာဉ်ရပ်နားဝင်း၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၉ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၃၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၇၉၀၇၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head တစ်စီး၊ JAC Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၄၃၆၀၀၀ နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပို့ကလို့ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၇၃၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၉၆၁၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်ထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၈ စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အမှတ်(၅၀၃)ရှိ ရုံးခန်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၉၆၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ထူးပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀ ကိုလည်းကောင်း၊ ရွာငံခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၆၉၇၅၇၇ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubi-shi Fuso Truck တစ်စီး၊ Nissan Profia Truck တစ်စီး၊ Chin Dwin Star Truck တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၆၇၇၅၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၇၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၃၃၅၇၇၇ ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ISPE အသင်းက ရန်ကုန်စီးတီးအသင်းကို အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့၌ ရန်ကုန်စီးတီးအသင်းနှင့် ISPE အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ISPE အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၀ မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ပွဲချိန် ၁၅ မိနစ်တွင် မိုးပွင့်ဖြူ၊ ပွဲချိန် ၂၁ မိနစ်နှင့် ၂၃ မိနစ်တို့တွင် ဝေနှင်းဖြိုး၊ ပွဲချိန် ၄၁ မိနစ်တွင် သန်းသန်းနွယ်တို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ဒုတိယပိုင်းတွင်လည်း ISPE အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ရန်ကုန်စီးတီးအသင်း ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့ရသော်လည်း ပွဲချိန် ၅၄ မိနစ်တွင် ကေသွယ်ဖြိုးဦး၊ ပွဲချိန် ၅၇ မိနစ်တွင် အေးစန္ဒီထက်တို့က ISPE အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှေဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှု အကြိမ်ရေအများဆုံးဖြစ်လာနိုင်ကြောင်း သုတေသီများက ထုတ်ပြန်



**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် စက်တင်ဘာလ နောက်ဆုံးရက်သတ္တပတ်၌ ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှု အကြိမ်ရေစိပ်လာနိုင်ပြီး ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှု အကြိမ်ရေအများဆုံးဖြစ်လာနိုင်ကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများက ခန့်မှန်းချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် ဟာရီကိန်းရာသီသည် ဇွန် ၁ ရက်မှစတင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဟာရီကိန်းရာသီအတွင်း ဟာရီကိန်းမုန်တိုင်း ခြောက်ကြိမ်ဝင်ရောက်တိုက်ခတ်ခဲ့ပြီးဖြစ်ကြောင်း၊ အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ယခုနှစ် ဟာရီကိန်းရာသီတွင် ဟာရီကိန်းမုန်တိုင်း ၁၆ ကြိမ်ထိ ဝင်ရောက်လာနိုင်ကြောင်း ခန့်မှန်းထုတ်ပြန်ထားကြောင်း၊ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများက စက်တင်ဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်မှု အကြိမ်ရေမြင့်မားနိုင်သကဲ့သို့ လာမည့် ၁၀ ရက်အတွင်း မုန်တိုင်းအခြေအနေကို အထူးသတိပြုစောင့်ကြည့်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"အတ္တလန္တိတ်သမုဒ္ဒရာပိုင်းကနေဖြစ်ပေါ်လာနိုင်တဲ့ မုန်တိုင်းဟာ စက်တင်ဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်းမှာ အကြိမ်ရေစိပ်လာနိုင်ပါတယ်။ လာမဲ့ ၁၀ ရက်အတွင်း အထူးသတိပြုစောင့်ကြည့်သွားရမှာဖြစ်ပြီးတော့ မုန်တိုင်းဝင်ရောက်မဲ့လက္ခဏာတွေ ပြသလာနိုင်ပါတယ်။ ဒါကြောင့် ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုဟာ အကြိမ်ရေများလာနိုင်ပါတယ်"ဟု ကော်လိုရာဒိုတက္ကသိုလ် သုတေသီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## Petrobras ရေနံကုမ္ပဏီအပေါ် စစ်ဆေးမှုရလဒ်ကို ကျေနပ်သင့်ကြောင်း ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗား ပြောကြား

**ဘရာဇီးလီးယား စက်တင်ဘာ ၁၀**

ဘရာဇီးနိုင်ငံတွင် ရေနံတူးဖော်ရေး လုပ်ကွက်များအတွက် ဘရာဇီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(Ibama)၏ စုံစမ်းစစ်ဆေးမှုရလဒ်ပေါ်မူတည်ကာ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိမှသာ လိုင်စင်ချပေးပြီး လိုင်စင်ရရှိရေးအတွက် Petrobras ရေနံကုမ္ပဏီကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက စုံစမ်းစစ်ဆေးမှု ရလဒ်အပေါ် ကျေနပ်သင့်ကြောင်း Ibama ကို တိုက်တွန်းပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Petrobras ရေနံကုမ္ပဏီအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သော်လည်း ရလဒ်ထွက်ပေါ်လာခြင်း မရှိသေးသည့်အတွက် လိုင်စင်ခွင့်ပြုပေးရေးနှင့် ပတ်သက်ပြီး ဆုံးဖြတ်နိုင်ခြင်းမရှိသေးကြောင်း၊ လိုင်စင်ခွင့်ပြုပေးရေးအတွက် ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (Ibama) က စုံစမ်းစစ်ဆေးထားသော ရလဒ်ပေါ်မူတည်ပြီး အေဂျင်စီ၏ အကြီးအကဲဖြစ်သူ ရိုဒရီဂိုက ဆုံးဖြတ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

"Petrobras ရေနံကုမ္ပဏီအပေါ်မှာ လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ သုတေသီတွေ၊ နည်းပညာရှင်တွေအနေနဲ့ စုံစမ်းစစ်ဆေးမှုအပေါ် အားရ ကျေနပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ Ibama အနေနဲ့ Petrobras ရေနံကုမ္ပဏီအပေါ်မှာ လိုင်စင်အမြန်ဆုံး ခွင့်ပြုပေးလိမ့်မယ်လို့လဲ ယုံကြည်ပါတယ်"ဟု ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## တရုတ်နိုင်ငံမြောက်ဘက်ပိုင်းတွင် ကာလအရှည်ကြာဆုံးမိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံမြောက်ဘက်ပိုင်း၌ ၁၉၆၁ ခုနှစ်နောက်ပိုင်း ယခုနှစ်တွင် ကာလအရှည်ကြာဆုံးမိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း China Meteorological Administration က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရွာသွန်းမှုသည် ကာလရှည်ကြာသည့်အတွက်ကြောင့် ယန်ဇီမြစ်ဝှမ်း မြစ်ရေလျှံတက်မှုဖြင့် မကြာခဏ ရင်ဆိုင်ခဲ့ရသကဲ့သို့ ရေကြီးရေလျှံမှုဖြင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ရာသီဥတုလွန်ကဲမှု ပြဿနာကြောင့်လည်း ကမ္ဘာ့အသီးသီးတွင် ရိုက်ခတ်မှုများရှိခဲ့သည့်အတွက် ဥပဒေပြုရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့်လည်း ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း အရေးယူဆောင်ရွက်မှုပြုလုပ်သွားရန် ခက်ခဲနေပြီး ပြောင်းလွယ်ပြင်လွယ်စနစ်ဖြင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ ရှိလာကြောင်း သိရသည်။

"ဒီနှစ်အတွင်း မိုးကာလဟာ ပုံမှန်ထက် မိုးရေချိန်မြင့်မားခဲ့သလို မိုးရွာသွန်းတဲ့ကာလလဲ ရှည်ကြာခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်နောက်ပိုင်း ကာလအရှည်ကြာဆုံး မိုးကာလနဲ့ ရင်ဆိုင်နေရပါတယ်"ဟု China Meteorological Administration မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



တရုတ်နိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သလို ကာလအရှည်ကြာဆုံးသော မိုးရာသီဖြင့် ရင်ဆိုင်နေရသော်လည်း အခြားသောဒေသများတွင်မူ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ပြီးခဲ့သော ဩဂုတ်လသည် တရုတ်နိုင်ငံ၏ သက်တမ်းတစ်လျှောက် တတိယမြောက် အပူချိန်အမြင့်ဆုံးသော ဩဂုတ်လဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## တောင်ကိုရီးယားနိုင်ငံတွင် အအေးဓာတ်ပြန်လည်မြင့်တက်လာသဖြင့် အပူလှိုင်းဖြတ်သန်းမှု အရေးပေါ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်း

**ဆိုးလ် စက်တင်ဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံတွင် ဇူလိုင်လမှစတင်၍ အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ရပ်တန့်သွားခဲ့ကာ အအေးဓာတ် ပြန်လည်မြင့်တက်လာသည့်အတွက် အပူလှိုင်းဖြတ်သန်းမှု အရေးပေါ်အဆင့်ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း တောင်ကိုရီးယား ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ သက်တမ်းတစ်လျှောက် အပူလှိုင်း ကာလအရှည်ကြာဆုံးဖြတ်သန်းမှုအဖြစ် ၂၀၂၄ ခုနှစ်က ဖြစ်ပေါ်ခဲ့ပြီး ရက်ပေါင်း ၂၉ ရက်ထိ ကြာမြင့်ခဲ့ကြောင်း၊ သို့သော်လည်း ယခုနှစ်သည် သက်တမ်းတစ်လျှောက် အပူလှိုင်းအရှည်ကြာဆုံး ဖြတ်သန်းမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ အပူလှိုင်းကာလအရှည်ကြာဆုံး ဖြတ်သန်းခဲ့သလို အပူချိန်ပမာဏမှာလည်း ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားခဲ့ပြီး အပူချိန်မြင့်မားသော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း တောင်ကိုရီးယားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်စံချိန်တင်မြင့်တက်ခဲ့ပြီး အပူလှိုင်းဖြတ်သန်းမှုဟာလဲ သက်တမ်းတစ်လျှောက် ကာလအရှည်ကြာဆုံး ဖြစ်ခဲ့ပါတယ်။ အခြေအနေတွေပြန်လည်တည်ငြိမ်သွားခဲ့ပြီဖြစ်တဲ့အတွက်ကြောင့် အပူလှိုင်းဖြတ်သန်းမှု အရေးပေါ်အဆင့်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်"ဟု တောင်ကိုရီးယားပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ပြင်သစ်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် စပျစ်စိုက်ခင်းများပျက်စီးသဖြင့် ဝိုင်အထွက်နှုန်းများ ကျဆင်းလျက်ရှိ

**ပဲရစ် စက်တင်ဘာ ၁၀**

ပြင်သစ်နိုင်ငံသည် ဝိုင်ထုတ်လုပ်မှုနှုန်းမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရာသီဥတုလွန်ကဲမှုများကြောင့် စပျစ်စိုက်ခင်းများ သိသိသာသာကျဆင်းလာခဲ့ပြီး စိုက်ခင်းများလည်း ပျက်စီးလာသည့်အတွက် ဝိုင်အထွက်နှုန်း ကျဆင်းလျက်ရှိကြောင်း Ministry of Agriculture, Agrifood, and Forestry က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံတွင် ယခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် စပျစ်စိုက်ခင်းများပျက်စီးကာ ဝိုင်ထုတ်လုပ်နိုင်မှု အနိမ့်ဆုံးသော နှစ်တစ်နှစ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာ့နိုင်ငံများအနက် ပြင်သစ်နိုင်ငံသည် အီတလီနိုင်ငံ၊ စပိန်နိုင်ငံတို့နှင့်အတူ ဝိုင်အများဆုံးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြင်သစ်နိုင်ငံအနေဖြင့် ဝိုင်အများဆုံးထုတ်လုပ်နိုင်ရန် ပစ်မှတ်ထားနေကြောင်း၊ ယခုနှစ်အတွင်း ဝိုင်ပမာဏဟက်တိုလီတာ ၃၇ ဒသမ ၄ သန်းထိ ထုတ်လုပ်နိုင်ရန် ပစ်မှတ်ထားနေသော်လည်း မျှော်မှန်းထားသည့် ပမာဏအတိုင်း ထုတ်လုပ်နိုင်တော့မည်မဟုတ်ကြောင်း Ministry of Agriculture, Agrifood, and Forestry က ထုတ်ပြန်ခဲ့သည်။

"ဩဂုတ်လအတွင်းမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ခဲ့သလို မိုးခေါင်မှုပြဿနာကြောင့် စပျစ်စိုက်ခင်းတွေ တော်တော်များများ ပျက်စီးသွားခဲ့ပါတယ်။ စပျစ်စိုက်ခင်းတွေပျက်စီးသွားတဲ့အတွက်ကြောင့် ဝိုင်ထုတ်လုပ်နိုင်မှုတွေ ကျဆင်းတော့မယ်။ မျှော်မှန်းထားတဲ့ ပမာဏတစ်ရပ်တော့ ရှိတယ်။ ရာသီဥတုလွန်ကဲမှုကြောင့် မျှော်မှန်းထားတဲ့ပမာဏအတိုင်း ထုတ်လုပ်နိုင်တော့မှာမဟုတ်ပါဘူး"ဟု Ministry of Agriculture, Agrifood, and Forestry ဝန်ကြီး ဂျီနီဗက်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကလျာ

# သားတို့ရပ်ရည်

## ချစ်သက်(မြန်မာစာ)



(၁)

စည်သူသည် အိမ်ထောင်ရှိသူဖြစ်ပြီး လယ်ယာလုပ်ငန်းကိုလုပ်ကိုင်၍ ရိုးသားစွာ ရှာဖွေစားသောက်သောသူလည်းဖြစ်သည်။ အရက်သေစာမသောက်စားသည့်အပြင် လောင်းကစားလည်း ကင်းသူဖြစ်သည်။ သို့သော်လည်း စည်သူ၏ ဖျောက်ဖျက်မရသောအကျင့်တစ်ခုမှာ ကြက်တိုက်ဝါသနာထုံသောသူဖြစ်သည်။ စည်သူ၏အိမ်တွင် အရွယ်အစားမျိုးစုံတိုက်ကြက်ဖများ မွေးမြူထားသည်။ သူများ၏အမြင်တွင် တိုက်ကြက်ဖရှိလျှင် လောင်းကစားလုပ်မည်ဟု ထင်မြင်နိုင်ကြသည်။ စည်သူက သည်လိုလူစားမျိုးမဟုတ်ပေ။ တိုက်ကြက်ဖငှားသည်။ နိုင်လျှင် ဆယ်ဖို့နှစ်ဖို့ခန့် တိုက်ကြက်ဖငှားကြေးရရှိသည်။ သူငယ်ချင်းများက အရက်သောက်ရန်၊ အလောင်းအစားလုပ်ရန် အမျိုးမျိုးမြူဆွယ်သော်လည်း စည်သူက ကျောက်တိုင်ပမာ တည်မြဲသည်။ မယိမ်းယိုင်တတ်။ ဘယ်လောက်စိတ်ညစ်ညစ် အရက်ဆိုင်ဘက်သို့ ခြေဦးမလှည့်တတ်ပေ။ အရက်၊ အလောင်းအစား၊ ကွမ်းဆေးကင်းစင်သူဖြစ်သည်။ သို့သော် တိုက်ကြက်ဖမွေးခြင်း၊ ကြက်တိုက်ခြင်းအလုပ်ကို ဇနီးဖြစ်သူ ဘယ်လိုတားတား၊ ဘယ်လိုဖျောင်းဖျဖျမရခဲ့ပေ။ နောက်ဆုံး စည်သူ၏ မိဘနှစ်ပါးကပင် သားဖြစ်သူကို လက်မြှောက်အလျှော့ပေးထားရလေသည်။ ထို့ကြောင့် ရွာနီးခြောက်စပ်လူအများက ကြက်သမားဟုဆိုလိုက်သည်နှင့် စည်သူကို ပြေးမြင်ကြသည်။ ကြက်သမားစည်သူ စည်သူကြက်သမားကို အားလုံးသိကြလေသည်။

(၂)

"သမီး အမေကတော့ ကြက်သမားစည်သူနဲ့ သမီးကို သဘောမတူဘူး။ သူ့မှာစည်းစိမ်ဥစ္စာ ဘယ်လောက်ရှိရှိ သမီးနဲ့မပေးစားနိုင်ဘူး။ ကြက်သမား မယားလို့လဲ အမေ့သမီးကို အခေါ်မခံနိုင်ဘူးကွယ်"

မိခင်ဖြစ်သူ၏စကားကို ပြန်လည်ချေပရန် နှင်းနွယ်စိုး အားယူလိုက်သည်။

"အမေရယ် အစ်ကိုစည်သူက အရက်မသောက်၊ ကွမ်းမစား၊ လောင်းကစားလဲ ကင်းပါတယ်အမေ။ သူဝါသနာပါတာ ကြက်တိုက်တဲ့အပြစ်တစ်ခုပဲရှိတာ၊ သမီးနဲ့အိမ်ထောင်ကျရင် ပြောင်းလဲရင် ပြောင်းလဲသွားမှာပါ။ အပြစ်ကလေးတစ်ခုအတွက်နဲ့ အစ်ကိုစည်သူကိုမယူနဲ့ဆိုတော့ အမေ့ကို သမီးဘာပြောရမှန်းမသိတော့ဘူး။ သူကြက်မတိုက်ဖို့ သမီး နားချကြည့်ပါအုံးမယ်"

နှင်းနွယ်စိုးသည် မိခင်၏အမူအရာကို အကဲခတ်လိုက်၏။ ထို့နောက် မိခင်ဖြစ်သူကို မျက်နှာချင်းမဆိုင်ဝံ့ဘဲ အကြည့်ကို အခြားတစ်ဖက်သို့ လွှဲလိုက်သည်။

"အေးလေ ပြောမရလဲ ညည်းသဘော၊ ညည်းဖြစ်ညည်းခံရတာပဲ။ မိဘဆိုတာ သားသမီး လမ်းမှားနေရင် လမ်းမှန်ရောက်ဖို့ သွန်သင်ပြရမှာပဲ။ လက်ခံတာ၊ လက်မခံတာတော့ ညည်းသဘောဆန္ဒပဲလေ။ ကိုယ်ဖြစ်ကိုယ်ခံပေ့ါ။ တို့ကတော့ ကြက်သမားယောက္ခမလို့အခေါ်မခံနိုင်ဘူး မိနွယ်။

မိခင်ဖြစ်သူသည် သမီးဖြစ်သူကို ပြောပြီးပြီးချင်း နေရာမှ ချက်ချင်းထ၍ ထွက်သွားတော့သည်။ နှင်းနွယ်စိုးသည် မိခင်၏ကျောပြင်ကိုကြည့်ရင်း မိခင်၏စကားသံများကို အထပ်ထပ်ကြားယောင်နေတော့သည်။

"ကြက်သမားရဲ့ ယောက္ခမတော့ အဖြစ်မခံနိုင်ဘူး မိနွယ်"

မိဘဟူသည် သားသမီးရွှေအိုးထမ်းလာသည်ကို မြင်ချင်သူချည်းဖြစ်ပေသည်။ သားသမီး ချောက်ထဲ ခုန်ချသည်ကို မည်သည့်မိဘကမျှ ကြည့်ချင်မည်မဟုတ်ပေ။ သားသမီးလမ်းမှားကို လျှောက်နေလျှင် လမ်းမှန်သို့ပြင်ပေးရန်မှာ မိဘမှတစ်ပါး အခြားမရှိပေ။

(၃)

"အစ်ကို နွယ့်ကို တကယ်လက်ထပ်မှာလားဟင်"

နှင်းနွယ်စိုးသည် စည်သူ၏လက်ကိုကိုင်၍ စကားဆိုလိုက်၏။ စည်သူကတော့ မည်သည့်စကားမျှမပြောဘဲ နှင်းနွယ်စိုးကိုသာ စိုက်ကြည့်နေသည်။

"နွယ်လေ အစ်ကို့ကိုမခွဲနိုင်ဘူး သိလား။ အစ်ကို့ကို နွယ် ချစ်တယ်"

စည်သူ၏ရင်ခွင်ထဲသို့ နှင်းနွယ်စိုးဝင်လိုက်သည်။

"ချစ်တာပေ့ါနွယ်ရယ်၊ နွယ်ချစ်သလို အစ်ကိုလဲ နွယ့်ကို ချစ်ပါတယ်"

နှင်းနွယ်စိုးသည် စည်သူ၏ရင်ခွင်ထဲကထွက်၍ စည်သူ၏မျက်နှာကို ကြည့်လိုက်သည်။ ထို့နောက် စကားပြောရန် အားယူလိုက်သည်။

"အစ်ကို နွယ့်ကိုချစ်ရင်လေ ကြက် ကြက် ကြက်မတိုက်ပါနဲ့လား"

စည်သူသည် နှင်းနွယ်စိုး၏စကားကို ကြားကြားချင်း နှင်းနွယ်စိုး၏လက်ကို တွန်းလိုက်၏။ ထို့နောက် စူးရှသော မျက်ဝန်းတစ်စုံဖြင့်–

"နွယ် ကျန်တဲ့အရာကိုတောင်းဆိုရင် တောင်းဆိုဒါ ပထမဆုံးနဲ့နောက်ဆုံးဖြစ်ပါစေ။ ငါ့ကို ကြက်မတိုက်ဖို့ ဖိအားလာမပေးနဲ့ ငါ့မိဘတွေပြောတာတောင် ငါလက်ခံဘူး။ သိကြားမင်း ဆင်းတားတောင် အဲဒီသိကြားမင်းနဲ့ ရန်ဘက်ဖြစ်သွားမယ်။ အစ်ကို နွယ့်ကိုချစ်တယ်။ ဒါပေမဲ့ ကြက်မတိုက်ဖို့ မပြောပါနဲ့နွယ်"

စည်သူ၏ အပြောအောက်ဝယ် နှင်းနွယ်စိုး တစ်ယောက် ယုန်သူငယ်ပမာ မည်သည့်စကားမျှ ခွန်းတုံ့ပြန်ရန် အားမရှိတော့ပေ။ စည်သူ၏အကြောင်းကို အတွင်းသိအစင်းသိမို့ မျက်ရည်များဖြင့်သာ။

"ခွင့်လွှတ်ပါအစ်ကိုရယ်။ နွယ်လေ အစ်ကို မကြိုက်တာ မပြောတော့ပါဘူး။ နွယ်က အစ်ကို့ကို ချစ်တာကိုး"

စည်သူသည် နှင်းနွယ်စိုးကို ရင်ခွင်ထဲသို့ သွင်းလိုက်ပြန်သည်။

"နွယ် အစ်ကို့ကို ချစ်တယ်နော်"

"အစ်ကိုလဲ နွယ့်ကို ချစ်ပါတယ်"

နှင်းနွယ်စိုးသည် မိဘ၏သဘောဆန္ဒကိုဆန့်ကျင်ကာ စည်သူနှင့် ခိုးရာလိုက်ခဲ့သည်။ သို့သော် နှင်းနွယ်စိုး၏မိဘများသည် သမီးဖြစ်သူကို စည်သူနှင့်သဘောမတူသော်လည်း မင်္ဂလာဆောင်ကိစ္စကို စည်စည်ကားကား ဆောင်ရွက်ပေးခဲ့လေ၏။ ယခုဆိုလျှင် စည်သူနှင့်နှင်းနွယ်စိုးတို့တွင် သုံးနှစ်အရွယ် သားတစ်ယောက်ကို ပိုင်ဆိုင်ထားသည့် အပြင် နောက်ကိုယ်ဝန်ကိုလည်း နှင်းနွယ်စိုး လွယ်ထားရလေပြီ။

(၄)

နံနက်မိုးလင်းသည်နှင့် စည်သူတစ်ယောက် တိုက်ကြက်ဖများနှင့်အလုပ်ရှုပ်နေ၏။ အချို့တိုက်ကြက်ဖများကို ခြံထဲတွင် လွှတ်ထားသော်လည်း အချို့တိုက်ကြက်ဖများကို ခြင်းထဲတွင်လည်းကောင်း ကြိုးချည်၍လည်းကောင်း ထားလေသည်။ စည်သူသည် မြေအိုး၏အပေါက်ဝကို ဖျင်စတင်၍ ကြိုးဖြင့် တင်းတင်းချည်လိုက်သည်။ ထို့နောက် ထိုဖျင်ပေါ်သို့ ဆန်စေ့များတင်ကာ ရင်ကွဲဟုခေါ်သော တိုက်ကြက်ဖကို အစာကျွေးနေသည်။ ရင်ကွဲဟုခေါ်ရခြင်းမှာ ထိုတိုက်ကြက်ဖသည် အခြားတိုက်ကြက်ဖ၏ ရင်ကို ကွဲအောင်ခွပ်နိုင်သောကြောင့် ရင်ကွဲတိုက်ကြက်ဖဟု ခေါ်ရခြင်းဖြစ်သည်။ ထိုသို့ တိုက်ကြက်ဖများ အစာကျွေးခြင်းသည် တိုက်ကြက်နှုတ်သီး၏ လျင်မြန်မှု၊ မာကျောမှုကိုဖြစ်စေသည်။ ထို့ပြင် အခြားတစ်ဖက်၏ တိုက်ကြက်ဖကို ခဲမိပြီဆိုပါက မလွှတ်တော့သော အကျိုးကျေးဇူးကိုလည်း ရရှိစေသည်။ စည်သူသည် ရေကိုငုံပြီး တိုက်ကြက်ကို ဖျန်းလိုက်၏။ ထို့နောက် ခေါင်း၊ ခြေထောက်တို့ကို ပွတ်သပ်နှိပ်နယ်ပေးလိုက်သည်။ ကြက်ဖ၏အတောင်နှစ်ဖက်ကို မြှောက်ပင့်ပြီး တဖျတ်ဖျတ်ရိုက်လိုက်သည်။ ကြက်ဖကို မြေပေါ်သို့ ပစ်ချလိုက်သည်။ ထိုကြက်ဖသည် မြေပေါ်သို့ခြေချလိုက်သည်နှင့် အတောင်နှစ်ဖက်ကို အားကုန်ရိုက်ကာ တွန်လေတော့သည်။ ကြက်ဖ၏ အမူအရာကို ကြည့်၍ စည်သူတစ်ယောက်ပြုံးနေတော့၏။ စည်သူသည် ကြက်များကိုပြုစုယုယအပြီး အိမ်ပေါ်သို့တက်လိုက်၏။ ထို့နောက် သားဖြစ်သူကို ပခုံးပေါ်တင်၍ တိုက်ကြက်ဖတစ်ကောင်ကို ရင်ခွင်ထဲတွင် ပိုက်ထားလေသည်။ စည်သူ၏လှုပ်ရှားပုံကို နှင်းနွယ်စိုး အကဲခတ်နေလေ၏။ ထို့နောက်–

"အစ်ကို သားကိုခေါ်မသွားပါနဲ့လား။ နွယ်နဲ့ ထားခဲ့လေ"

"ရတယ် ရတယ် အစ်ကို မကြာဘူး။ ဒီကောင်ကို တစ်ရည်လောက်ပဲချမှာ၊ ခွဲကျရုံလောက်ပဲ။ မကြာဘူး"

"သား လိုက်မှာလား အဖေနဲ့"

"လိုက်မယ် ဖေဖေ"

"နွယ် ကြားတယ်နော်၊ ခဏပဲ"

နှင်းနွယ်စိုးသည် စည်သူ၏အပြုအမူကို မကြိုက်သော်လည်း သည်းခံခဲ့ရလေသည်။ သားတစ်ယောက် စည်သူ၏အမွေကိုဆက်ခံမှာ အလွန်စိုးရိမ်နေ၏။ သို့သော် စည်သူ၏လုပ်ရပ်ကို နှင်းနွယ်စိုး မဟန့်တားနိုင်ခဲ့ပေ။

(၅)

ကြက်ဝိုင်းသည် စည်ကားနေ၏။ ရွာနီးခြောက်စပ်က ကြက်သမားများစု၍ ကြက်တိုက်နေခြင်းဖြစ်သည်။ စည်သူသည် သူ၏ရင်ကွဲတိုက်ကြက်ဖကြီးကို အားမလိုအားမရဖြစ်နေသည်။ တစ်ချက်တစ်ချက် လက်ဟန်ခြေဟန်များသာမက ပါးစပ်ကပါ ပါလာသည်။

"လိုက် သားကြီးရာ တစ်ချက်ပဲ၊ ဖူး ဖူး"

ရင်ကွဲကြက်ဖကြီး၏မြီးကုတ်ကို လေမှုတ်လိုက်။ ဦးခေါင်းကို ရေဖျန်းလိုက်ဖြင့် စည်သူ အလုပ်ရှုပ်နေ၏။ ကြက်တိုက်ခြင်းခဏနား၍ တိုက်ကြက်ဖများကို ပြုစုနေကြသည်။ စည်သူသည် သူ၏ တိုက်ကြက်ဖ၏ခေါင်းကို ပါးစပ်ဖြင့်အာပူတိုက်ပေး၏။ ခြေထောက်နှစ်ဖက်ကိုဆုပ်နယ်ပေး၏။ ခဏအကြာ ကြက်ပွဲပြန်စသည်။

"သားကြီးရယ် ခုတစ်ခါ ရင်ကွဲအောင်ဆော်လိုက်ကွာ၊ အချိန်မဆွဲနဲ့တော့"

စည်သူသည် တိုက်ကြက်ဖကြီးကို သားတစ်ယောက်ပမာ စကားများကိုဆို၍ ဝိုင်းထဲသို့လွှတ်လိုက်ပြန်သည်။ တိုက်ကြက်ဖနှစ်ကောင်သည် အချိန်ကြာလာသည်နှင့် တစ်ကောင်နှင့်တစ်ကောင် ပူးကပ်၍ လာသည်။ ထိုအချိန်ဝယ်–

"စည်သူရေ မင်းမိန်းမ ကလေးမီးမဖွားနိုင်လို့ မြို့ဆေးရုံကို ပို့ဖို့လုပ်နေပြီ။ မင်းကို အမြန်လိုက်လာပါတဲ့"

"ဟာ ဒုက္ခပဲကွာ ဒီမှာကြက်ဝိုင်းက ပြီးသေးတာမဟုတ်ဘူး"

စည်သူ၏အမူအရာသည်ရင်ကွဲတိုက်ကြက်ဖကြီးကို ပစ်ထားခဲ့ရမှာ စိတ်မသက်မသာ ဖြစ်နေပုံဖြစ်သည်။ ကြက်ဝိုင်းထဲမှ–

"စည်သူ စိတ်ချထားခဲ့၊ မင်းမိန်းမက အရေးကြီးတယ်၊ မင်းကောင်ကြီးကို ငါကိုင်ထားလိုက်မယ်၊ သွား သွား"

စည်သူသည် မိန်းမရှိရာ မြို့ဆေးရုံသို့ အလျင်အမြန်လိုက်သွားလေ၏။ စည်သူသည် အမျိုးသမီး

စာမျက်နှာ ၂၅ သို့ á

# ရန်ကုန်တိုင်းဒေသကြီး ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲကို အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ အဆိုပြိုင်ပွဲကို လသာမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ပြိုင်ပွဲဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များ၊ မိဘဆွေမျိုးများနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားကာ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# သရက်မြို့နယ် သာယာကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းလုပ်ငန်း စစ်ဆေး

**သရက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက သာယာကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

သာယာကုန်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ အသုံးပြု၍မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

## တန်ဖိုးရှိစေ လူငယ်တွေ

\- ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ကြိုးစားစို့ လူငယ်တွေ၊
ပညာတွေကို သင်ယူရင်း
ဂုဏ်လင်းပါစေ၊
တန်ဖိုးရှိ လူသားအခြေ
ဖြစ်ဖို့လေ မျှော်ရည်မှန်း၊
အခက်ခဲကို အောင်ပွဲအဖြစ်
ထုဆစ်လျှောက်လှမ်း။

\- အားမာန်ဆောင် သတ္တိစွမ်းနဲ့
အစဉ်ကြိုးပမ်း ဘဝမှာ၊
အချိန်တွေကို အသုံးချ
နှလုံးလှယှဉ်ကာ၊
ပျင်းရိစိတ် ရှောင်သွေခွာ
အောင်မြင်သာ အရောက်သွား၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်လှုပ်ရှား။

\- ဆိုးကောင်းထွေ အမှန်အမှား
ဉာဏ်ကစား ဆုံးဖြတ်မယ်၊
စိတ်သန္တာန်မှာ တန်ခိုးထက်မှ
တိုးတက်စဉ်ကွယ်၊
အသိသတိ ရင်မှာတွယ်
လူ့ဘဝဝယ် နေထိုင်မနေး၊
ရည်ရွယ်ရာ ပန်းတိုင်ရောက်လို့
ထွန်းတောက်စေလေး။ ။

**ရဲသွေးနီ(တက်ဝန်)**

á စာမျက်နှာ ၂၄ မှအဆက်

ကလေးမွေးရန် လက်မှတ်ထိုးပေးလိုက်သည်။ လူက ဆေးရုံမှာရှိသော်လည်း စိတ်က ကြက်ဝိုင်းသို့ရောက်နေ၏။ ထို့နောက် ဖုန်းကိုထုတ်၍ ဖုန်းဆက်လိုက်သည်။

"ထွန်းလှရေ ငါ့ကောင်ကြီးအခြေအနေ"

"ထုံးစံအတိုင်း ရင်ကွဲပေါ့ကွာ"

"အိုက်(စ်) ဒါမှ ငါ့ကောင်ကြီးကွ"

ကိုယ်ဝန်ဆောင်ခွဲခန်းထဲမှ နာ့စ်တစ်ယောက် ထွက်လာသည်။

"ခွဲလူနာ နှင်းနွယ်စိုးရဲ့အမျိုးသား ရှိလားရှင့်"

"ရှိပါတယ် ကျွန်တော်ပါ"

"ဂုဏ်ယူပါတယ်၊ ချောချောမွေ့မွေ့နဲ့ ခွဲစိတ်တာအောင်မြင်ပါတယ်၊ မိခင်ကော ကလေးကော ကျန်းမာပါတယ်၊ ယောကျ်ားလေးပါ"

စည်သူ့အတွက် သားတစ်ယောက် ထပ်တိုးပြန်၏။ စည်သူသည် ဇနီးနှင့်သားရှိရာသို့ တည်ငြိမ်သောခြေလှမ်းများဖြင့် သွားလိုက်သည်။

(၆)

"လူကလေးရယ်ငို
ခိုဖမ်းလို့ပေး...
ခိုဖြူ ခိုဝါနက်ကယ်
ဖမ်းခက်လှလေး..."

အသံနေအသံထားမှန်မှန်ဖြင့် စည်သူသည် သားကိုပိုက်၍ လမ်းလျှောက်ကာ ချော့သိပ်နေ၏။ စည်သူ၏အပြုအမူကိုကြည့်ရင်း နှင်းနွယ်စိုး ထမင်းကိုအမြန်စားလိုက်သည်။ ထို့နောက် စည်သူ့လက်ထဲမှ သားကို တောင်းလိုက်၏။

"တိုးတိုး နွယ် သားမှေးနေပြီ။ ချီလို့တောင် မဝသေးဘူး။ နွယ် အနားယူလိုက်အုံး"

နှင်းနွယ်စိုးသည် စည်သူ၏အပြောကို ကျေနပ်သည့်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး စည်သူ၏အနားတွင် ထိုင်လိုက်သည်။ နေရောင်ပျောက်ကွယ်ခါနီး အမှောင်ရိပ်သန်းလာတော့သည်။ ထိုအချိန်ဝယ် အမျိုးသားတစ်ယောက် အိမ်ထဲသို့ ဝင်လာသည်။

"စည်သူရေ စည်သူ"

စည်သူသည် သားငယ်ကို နှင်းနွယ်စိုးရင်ခွင်ထဲသို့ထိုးပေးလိုက်သည်။

"အေး အောင်ကြီးပြော ဘာတုံးကွ။ ငါ့သား အိပ်နေတယ် တိုးတိုးပြော"

"မနက်ဖြန် ဆရာတော်က လာခဲ့အုံးတဲ့ ကျောင်းကို။ ဆွမ်းစားဆောင်ဆောက်ဖို့ကိစ္စအတွက်ထင်တယ်၊ သြော်...ဒါနဲ့ မင်းသားအကြီးကောင်ကော မတွေ့ပါလား"

အောင်ကြီး၏စကားကြောင့် စည်သူ သားကြီးကို သတိရသွားသည်။ စည်သူသည် အိမ်အောက်ကိုဆင်းလိုက်၏။ ကြက်ခြံအနားတွင် ကြက်များကို ကိုင်နေသော သားကို တွေ့လိုက်ရသည်။

"စည်သူရေ မင်းသားကတော့ မင်းအတိုင်းပဲ ကြက်သမားပဲဖြစ်မှာပဲ။ မင်းလဲကြက်သမား မင်းသားလဲကြက်သမား။ မင်းသားငယ်လဲ ကြက်သမားပဲဖြစ်မှာပဲ။ မင်းအမွေတွေ လက်ဆင့်ကမ်းလိုက်ပေါ့ကွာ ဟား ဟား ဟား"

အောင်ကြီးထွက်သွားသောအခါ ငူငူငိုင်ငိုင်ဖြင့် စည်သူကျန်ခဲ့သည်။

"သား သွား အိမ်ပေါ်တက်"

ငူငူငိုင်ငိုင်ဖြစ်နေသော စည်သူကို နှင်းနွယ်စိုး ရိပ်မိလိုက်သည်။

"အစ်ကို ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွာ။ အောင်ကြီး ပြောသွားတဲ့စကား နားထဲက မထွက်လို့။ မင်းသားတွေလဲ ကြက်သမားတွေပဲဖြစ်မှာတဲ့။ အစ်ကို တော်တော်စိတ်မကောင်းဖြစ်သွားတယ်။ အစ်ကို့ကို ကြက်သမားလို့ပြောရင်ခံနိုင်သေးတယ်။ ငါ့သားတွေကို ကြက်သမားတွေလို့ပြောတာ တော်တော် ခံရခက်တယ်ကွာ။ ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"အစ်ကို"

"ပြောလေ နွယ်"

"အစ်ကို စိတ်မဆိုးဘူးဆို နွယ် တစ်ခုလောက်ပြောချင်တယ်"

စည်သူသည် ခေါင်းညိတ်ပြလိုက်၏။

"သားသမီးဆိုတာ မိဘရဲ့အပြုအမူအပြောအဆိုကို အတုခိုးတတ်တယ် အစ်ကို။ ဒါကြောင့် ရှေးလူကြီးတွေက ပြောကြတယ်။ "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"တဲ့။ နွယ် ဘာပြောချင်တယ်ဆိုတာ အစ်ကိုစဉ်းစားကြည့်ပါနော်။ သားကြီးကို ထမင်းကျွေးလိုက်အုံးမယ်နော်"

ထိုညက စည်သူ ကောင်းကောင်းအိပ်မပျော်ခဲ့။ အောင်ကြီး၏ ပြောစကားများက လွှမ်းမိုး၍ထားလေသည်။

"မင်းသားတွေလဲ ကြက်သမားတွေဖြစ်မှာပဲ"

နံနက်မိုးလင်းသောအခါ စည်သူသည် ကြက်များကိုဖမ်း၍ အုပ်ခြင်းဖြင့် လှောင်ထားလိုက်သည်။ ထိုအချိန်ဝယ် ကြက်သမားတစ်ယောက် ရောက်လာသည်။ ထိုကြက်သမားသည် တိုက်ကြက်ဖများကို အသင့်ပါလာသောဂုန်နီအိတ်ထဲသို့ ထည့်လိုက်သည်။ စည်သူသည် ရင်ကွဲတိုက်ကြက်ဖကို ကိုင်လျက်–

"မင်းကိုမချစ်လို့မဟုတ်ပါဘူးကွာ။ မင်းထက်ချစ်ရမဲ့သူ ငါ့မှာရှိနေပြီ။ မင်း ကောင်းကောင်းအသက်ရှင်ပါကွာ"

စည်သူသည် ကျလာသောမျက်ရည်များကိုသုတ်၍ ရင်ကွဲကြက်ဖကြီးကို ကြက်သမားကိုပေးလိုက်ပြီးနောက် ကြက်သမားပြန်သွားချိန်တွင် စည်သူသည် အမြဲထာဝရချစ်သွားရမည့် အကြီးကောင် သားကြီးကို ပွေ့ချီ၍ ကျန်ရစ်လေတော့သည်။

# နှစ်တစ်ရာအတွင်း မန်းတက္ကသိုလ်ကို ထင်ရှားစွာပဲ့ကိုင်ခဲ့ကြသူများ

ဒေါက်တာမောင်သင်း

၁၉၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် စတင် မွေးဖွားလာသည့် မန္တလေးဥပစာကောလိပ်သည် ၂၀၂၅ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပါပြီ။ ပဲ့ကိုင်ရှင်များအနေဖြင့် ဥပစာကောလိပ်ခေတ်တွင် ကျောင်းအုပ်ကြီးနှစ်ဦးနှင့် တာဝန်ခံတစ်ဦး၊ ယူနီဗာစီတီ ကောလိပ်ခေတ်တွင် ကျောင်းအုပ်ကြီးတစ်ဦး၊ မန္တလေးတက္ကသိုလ်ခေတ်တွင် ဒုတိယအဓိပဓိငါးဦး၊ ဝိဇ္ဇာသိပ္ပံနှင့် မန္တလေးတက္ကသိုလ်ခေတ်တွင် ပါမောက္ခချုပ် ၁၈ ဦးနှင့် တာဝန်ခံပါမောက္ခချုပ်တစ်ဦးတို့ဖြစ်သည်။ မန္တလေးမြို့တွင် စတင်ဖွင့်လှစ်သည့် ဥပစာကောလိပ်၏ ပထမဦးဆုံးကျောင်းအုပ်ကြီးမှာ မစ္စတာအေဘရွတ် (Mr.A.Brooke) ဖြစ်သည်။ ကျောင်းအုပ်ကြီး အင်္ဂလန်သို့ခွင့်ဖြင့်ပြန်သွားသဖြင့် ဥပစာကောလိပ် စတင် ဖွင့်လှစ်ချိန်တွင် ယာယီတာဝန်လွှဲအပ်ခံရသူမှာ မစ္စတာထင်စီ (Mr.L.Htin Si) ဖြစ်ပါသည်။ အင်္ဂလိပ်စာဌာန လက်ထောက်ကထိကဖြစ်သည်။ ကျောင်းအုပ်ကြီးခွင့်စေ့၍ အင်္ဂလန်မှပြန်လာသောအခါ သူ၏အင်္ဂလိပ်စာဌာန (ဌာနမှူး) လက်ထောက်ကထိကတာဝန် ပြန်လည်ထမ်းဆောင်ပါသည်။ တချို့ကအမှတ်မှား၍ ပထမကျောင်းအုပ်ကြီးမှာ မစ္စတာထင်စီဟု ဆိုကြသည်။ မစ္စတာထင်စီမှာ ယာယီလွှဲအပ်ခံရသူသာဖြစ်၍ ခန့်အပ်ခံရသူမဟုတ်။ မစ္စတာဘရွတ်သည် ၁၉၂၇ ခုနှစ်ထိ တာဝန်ထမ်းဆောင်ပြီးသောအခါ သူ့နေရာတွင် မစ္စတာအေဒီမာရှယ် (Mr.A.D. Marshall) ကို ကျောင်းအုပ်ကြီးခန့်အပ်ခဲ့ပါသည်။

**အသက်မပြည့်သူ ၁၄ နှစ်သားကို တက္ကသိုလ်ဝင်ခွင့်ပေးခဲ့သူ**

သူကတော့ဒုတိယမြောက်ပဲ့ကိုင်ရှင် အေဒီမာရှယ်ဖြစ်သည်။ မန္တလေးဥပစာကောလိပ်ကို သက်တမ်းအရှည်ဆုံးနှင့် နောက်ဆုံးလူမျိုးခြားလူဖြူကျောင်းအုပ်ကြီးလည်းဖြစ်ပေသည်။ ၁၉၂၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ ကျောင်းပိတ်သွားသည်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း မန္တလေးဥပစာကောလိပ် ကျောင်းဝင်ခွင့်နှင့်ပတ်သက်၍ ၁၉၃၉ ခုနှစ်တွင် ထူးထူးခြားခြားဆောင်ရွက်ခဲ့ပေသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်သူတစ်ဦးကို အသက်မပြည့်၍ သိပ္ပံဘာသာတွဲကျောင်းသားအဖြစ် ရန်ကုန်တက္ကသိုလ်ကဝင်ခွင့်မပြုခဲ့ပေ။ ထိုစဉ်က မန္တလေးဥပစာကောလိပ်သည် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံဖြစ်သည်။ ကျောင်းသားလက်ခံခြင်း၊ စာမေးပွဲစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း၊ ဆရာ၊ ဆရာမခန့်ထားခြင်း စသည်တို့ကို ရန်ကုန်တက္ကသိုလ်ကသာဆောင်ရွက်ရသည်။ အဆိုပါကျောင်းသား၏ အသက်မှာလည်း ၁၄ နှစ်သာရှိသေး၏။ မန္တလေးမြို့ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည့် ရွှေမန်းသားလေးဖြစ်သည်။ ကျောင်းအုပ်ကြီးသည် ရန်ကုန်တက္ကသိုလ်က မန္တလေးဥပစာကောလိပ်သို့ဝင်ခွင့်ကို ငြင်းပယ်ခံရသည့် အဆိုပါကျောင်းသားကို သိပ္ပံဘာသာတွဲ ကျောင်းသားအဖြစ် သူ၏လုပ်ပိုင်ခွင့်အရ လက်ခံခဲ့သည်။ ကျောင်းသား၏ အမည်မှာ မောင်မောင်ဖြစ်သည်။ အဆိုပါအသက် မပြည့်သေးသူ ကျောင်းသားသည် ဂျပန်ခေတ် ဗိုလ်သင်တန်း အပတ်စဉ်(၄)ဆင်းပြီး နှစ်လအကြာ ဂျပန်ကိုပြန်လည်တော်လှန်ရာတွင် ဗိုလ်မောင်မောင် (အဖြူ) အဖြစ်ပါဝင်ခဲ့သူဖြစ်သည်။ ပြီးလျှင် အင်္ဂလန်နိုင်ငံသို့ သတင်းစာပညာရပ် ပညာတော်သင်စေလွှတ်ခဲ့ရာ သတင်းစာပညာရပ်သင်ကြားရင်း ဥပဒေပညာရပ်ဖြင့် ဒေါက်တာဘွဲ့ရလာခဲ့သူဖြစ်သည်။ နောင်တွင် အရှေ့တောင်အာရှမှာ အသက်အငယ်ဆုံးတရားသူကြီးချုပ်ဒေါက်တာမောင်မောင် ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် နိုင်ငံတော်သမ္မတကြီး ဒေါက်တာမောင်မောင်အဖြစ် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားသူဖြစ်သည်။ စည်းမျဉ်းသတ်မှတ်ချက်ဖြစ်သည့် အသက်ငယ်မှုထက် ပညာပါရမီရင့်သန်မှုကို ထိုးထွင်းမြင်နိုင်စွမ်းရှိခဲ့သည့် ကျောင်းအုပ်ကြီးကြောင့်သာ မန်းတက္ကသိုလ်၏ နှစ်တစ်ရာအတွင်းတွင် နိုင်ငံရေး၊ စာပေရေးရာနှင့် ဥပဒေရေးရာအဖြာဖြာတွင် ပြောင်မြောက်စွာ ထူးချွန်ခဲ့သည့် "မန်းတက္ကသိုလ် ကျောင်းထွက်နိုင်ငံတော်သမ္မတ"တစ်ဦးရှားရှားပါးပါး ပေါ်ထွန်းခဲ့ခြင်းဖြစ်ပေသည်။

**မန်းတက္ကသိုလ်၏ပထမဆုံး ဒုတိယ အဓိပတိ ဆရာကြီးဦးကိုလေး**

မန္တလေးတက္ကသိုလ်သမိုင်းတွင် အထင်ရှားဆုံးကျောင်းအုပ်ကြီးနှင့် ဒုတိယအဓိပတိဖြစ်သည်။ စစ်ကိုင်းဖွား မန္တလေးသား ဆရာကြီးဦးကိုလေး၏ ထူးခြားချက် များစွာအနက်မှ သုံးချက်တင်ပြပါရစေ။

**❖ ဒုတိယကမ္ဘာစစ်ပြီးနောက် တက္ကသိုလ်များပြန်လည်ဖွင့်လှစ်ရန်ကြိုးပမ်းကြပါသည်။ ထိုစဉ်က မန္တလေးကောလိပ်သည် ရန်ကုန်တက္ကသိုလ်လက်အောက်ခံဖြစ်သည်။ ပညာရေးဝန်ကြီးမှာ အမျိုးသားကျောင်းအုပ်ကြီးဦးရာဇတ်ပင်ဖြစ်သည်။ မန္တလေးဥပစာကောလိပ်၏ဝန်ထမ်းခန့်ထားရေးကို ရန်ကုန်တက္ကသိုလ်ကသာဆောင်ရွက်ရသည်။ ရန်ကုန်တက္ကသိုလ်သည် ထိုစဉ်က ကမ္ဘာ့တက္ကသိုလ်များကဲ့သို့ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရ တက္ကသိုလ် (Autonomous University) ဖြစ်သည်။ သင်ကြားရေး၊ စီမံခန့်ခွဲရေးများတွင် တက္ကသိုလ်၏ကောင်စီနှင့် ဆီးနိတ်အဖွဲ့ကသာ ဆောင်ရွက်ရသည်။❖**

(၁) စွမ်းဆောင်နိုင်မှုသာအဓိကဖြင့် တာဝန်ပေးခံရသူ၊
(၂) မြန်မာ့တက္ကသိုလ်သမိုင်းတွင် ပထမဆုံး ရုပ်တုဖြင့်ဂုဏ်ပြုခံရသူ၊
(၃) မီဒီယာဆိုတာနယ်ချဲ့လက်နက်ပါဟုသတိပေးခဲ့သူ

**(၁) စွမ်းဆောင်နိုင်မှုသာအဓိကဖြင့် တာဝန်ပေးအပ်ခံရသူ**

ဒုတိယကမ္ဘာစစ်ပြီးနောက် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရန် ကြိုးပမ်းကြပါသည်။ ထိုစဉ်က မန္တလေးကောလိပ်သည် ရန်ကုန်တက္ကသိုလ် လက်အောက်ခံဖြစ်သည်။ ပညာရေးဝန်ကြီးမှာ အမျိုးသား ကျောင်းအုပ်ကြီးဦးရာဇတ်ပင်ဖြစ်သည်။ မန္တလေးဥပစာကောလိပ်၏ ဝန်ထမ်းခန့်ထားရေးကို ရန်ကုန်တက္ကသိုလ်ကသာ ဆောင်ရွက်ရသည်။ ရန်ကုန်တက္ကသိုလ်သည် ထိုစဉ်က ကမ္ဘာ့တက္ကသိုလ်များကဲ့သို့ လွတ်လပ်စွာစီမံခန့်ခွဲခွင့်ရ တက္ကသိုလ် (Autonomous University) ဖြစ်သည်။ သင်ကြားရေး၊ စီမံခန့်ခွဲရေးများတွင် တက္ကသိုလ်၏ကောင်စီနှင့် ဆီးနိတ်အဖွဲ့ကသာ ဆောင်ရွက်ရသည်။ ယနေ့လို ပညာရေးဝန်ကြီးဌာန၏ချုပ်ကိုင်မှုမှ ကင်းလွတ်သည်။ မန္တလေးဥပစာ ကောလိပ်ပြန်ဖွင့်ရန် ဝန်ကြီးဦးရာဇတ်က စိုက်ပျိုးရေးကထိကဦးကိုလေးကို ခန့်အပ်လိုက်သည်။ တကယ်ဆိုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနကခန့်အပ်ပိုင်ခွင့် မရှိပေ။ ရာထူးခန့်အပ်ပိုင်ခွင့်ရှိသူမှာ ရန်ကုန်တက္ကသိုလ်ကောင်စီ၊ ဆီးနိတ်နှင့်ရာထူးခန့်ထားရေးအဖွဲ့ကသာ ဆောင်ရွက်ခွင့်ရှိပေသည်။ သို့သော် ဝန်ကြီးဦးရာဇတ်က ခန့်အပ်ခဲ့ပေသည်။ ပြီးနောက်စည်းမျဉ်း၊ စည်းကမ်းနှင့်ညီစေရန် ရန်ကုန်တက္ကသိုလ်၏ အထက်ပါ အဖွဲ့သုံးကို အတည်ပြုပေးပါရန် ခန့်စာကိုပို့ခဲ့သည်။ ဘာကြောင့် ဆရာကြီးဦးရာဇတ် ဤသို့လုပ်ခဲ့ရပါလဲ။ အများအမြင်က လုပ်ထုံးလုပ်နည်းကို ချိုးဖောက်တာတဲ့။ ကျွန်တော့်အမြင်ကတော့ ခေတ်အခြေအနေနှင့် လုပ်ငန်းအောင်မြင်ရန်လိုအပ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်။ "စီမံခန့်ခွဲရေးမှာ သတ္တိရှိမှုနှင့် လိမ္မာပါးနပ်ကျွမ်းကျင်မှု"တို့ဟု မြင်မိပါသည်။

ဘာကြောင့် ဆရာကြီးဦးရာဇတ် ဤသို့ လုပ်ဆောင်ခဲ့ရသည်ကို "အလွန်သွေးအေးအေးနေတတ်တဲ့ ဆရာကြီးဦးရာဇတ်ဟာ မန္တလေးယူနီဗာစီတီကောလိပ်ကို စစ်ပြီးခေတ်မှာအမြန်ဆုံးပြန်လည်ဖွင့်လှစ်ရေးဆိုတဲ့ ရှေ့မှာတာဝန်ကြီးကို အစဉ်အလာအတိုင်းသွားနေမယ်ဆိုရင် အမြန်မဖွင့်နိုင်ဘူးဆိုတာသိလို့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်မဲ့သူကို သတ္တိရှိရှိရွေးခဲ့တာပါ"ဟုထိုအချိန် (၁၉၄၇ ခုနှစ်) က ပညာရေးနှင့်စီမံကိန်းအတွင်းဝန်ဦးစောဟန်က ပြန်ပြောင်းပြောပြခဲ့ပါသည်။ အတွင်းဝန်ကြီးကဆက်လက်ပြောဆိုရာတွင် "တကယ်တော့ ဝန်ကြီးဦးရာဇတ်ဟာ ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့အစဉ်အလာကို မသိခဲ့တာမဟုတ်ပါဘူး၊ သိခဲ့ပါတယ်။ အစဉ်အလာအတိုင်း ကျော်ဖြတ်နေရင် မန္တလေးယူနီဗာစီတီကောလိပ်ကို အမြန်ဆုံးပြန်ဖွင့်နိုင်မှာမဟုတ်ဘူးဆိုတာသိတဲ့အတွက် အစဉ်အလာလုပ်ထုံးလုပ်နည်းကိုဖြတ်ကျော်ပြီး သူ့ရဲ့လုပ်ပိုင်ခွင့်ကိုသုံးခဲ့တာပါတဲ့။" စည်းမျဉ်း၊ စည်းကမ်းဘောင်ကို ဖောက်ထွက်စဉ်းစား၍ အခြေအနေနှင့် အချိန်အခါအရ လုပ်သင့်လုပ်ထိုက်တာကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်ထိခိုက်မှု နစ်နာမှုမရှိသည့် ဆောင်ရွက်ချက်၊ အညာတစ်လွှားပညာရည်မြင့်မားရေးအတွက် ကောင်းမွန်သည့် စေတနာပြည့် စွမ်းဆောင်ချက်ဖြစ်ပါ၍ ဆရာကြီးဦးရာဇတ်၏ စီမံခန့်ခွဲမှုကိုယနေ့ပညာရေးစီမံခန့်ခွဲသူများ အတုယူသင့်ပါသည်။

**(၂) မြန်မာ့တက္ကသိုလ်သမိုင်းတွင် ပထမဦးဆုံး ရုပ်တုဖြင့်ဂုဏ်ပြုခံရသူ**

မြန်မာ့တက္ကသိုလ်သမိုင်းတွင် ပထမဦးဆုံးရုပ်တုသွန်းလုပ်၍ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုထားသည့် တက္ကသိုလ်မှာ မန္တလေးတက္ကသိုလ်ပင်ဖြစ်သည်။ ဂုဏ်ပြုခံရုပ်တုမှာ ယူနီဗာစီတီကောလိပ်နှင့် မန်းတက္ကသိုလ်၏ပထမဦးဆုံး ဒုတိယအဓိပတိဦးကိုလေးဖြစ်သည်။ ရုပ်တုကိုဆရာကြီး၏ရာပြည့် ၂၀၁၃ ခုနှစ်တွင် စိုက်ထူခဲ့တာဖြစ်သည်။ ဘာတွေဆောင်ရွက်ခဲ့လို့ ရုပ်တုဖြင့် ဂုဏ်ပြုတာခံရပါသလဲ။ ဆရာကြီးသည် ၁၉၄၇ ခုနှစ်မေ ၂၉ ရက်မှာ မန္တလေးယူနီဗာစီတီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ပေးခံရ၍ မန္တလေးကိုလာခဲ့သည်။ ပိုက်ဆံအနည်းငယ်သာပါ၏။ ကျောင်းဝင်းကြီးကို စစ်အတွင်းက ဆေးရုံပြုလုပ်ထားပါသည်။ လူနာတွေ၊ ဆေးနံ့၊ သွေးညှီနံ့တွေ အပြည့်၊ ဆရာ၊ ဆရာမဆို၍ အင်္ဂလိပ်စာဆရာကြီး မစ္စတာမူနီနှင့် ပါဠိဆရာမကြီးအမ်အေဒေါ်အုန်းသာရှိ၏၊ စာသင်ခုံ၊ ကျောက်သင်ပုန်းမရှိ၊ အဆောင်တွင်လည်း ခုတင်၊ စာရေးစားပွဲမရှိ၊ ပထမဆုံးအလုပ်က လူနာနှင့်ဆေးရုံ ကို အဆောက်အအုံမှပြောင်းရွှေ့ရ၏၊ အိန္ဒိယဆရာဝန်များထံ အောက်ကျို့ရ၏။ စည်းရုံးဖျောင်းဖျရ၏။ ရုံးလုပ်ထုံးလုပ်နည်းအရဆိုလျှင် ဆရာကြီးက ပညာရေးဝန်ကြီးဌာနကို စစ်ဆေးရုံနှင့်လူနာများ ဖယ်ရှားရန် စာတင်၊ ဝန်ကြီးရုံးမှ စစ်ရုံးကို ဆက်တင်၊ ပြန်ကျမှ ယူနီဗာစီတီကောလိပ်ဖွင့်ရေးလုပ်ငန်း ဆက်ဆောင်ရွက်ရမည်။ လုပ်ထုံးလုပ်နည်းအစဉ်အလာထက် တကယ်လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုကို ဦးစားပေးလုပ်ကိုင်ခဲ့၏၊ အောက်ခြေတွင် အိန္ဒိယဆရာဝန်များကို ဆရာကြီးမူနီနှင့်အပြီးညှိနှိုင်း၏၊ အောင်မြင်၏။ လူနာများနှင့် ဆရာဝန်များ၊ ဆေးရုံအသုံးအဆောင်များသည် ကျောင်းအဆောက်အအုံအတွင်းမှ ရွှက်ဖျင်တဲများဆီသို့ရွှေ့သွား၏။ အဆောက်အအုံကို သန့်ရှင်းရေးလုပ်၏။ သို့သော် စာပေပို့ချရန် ပရိဘောဂမရှိ၊ ဝယ်စရာငွေကလည်းနတ္ထိ၊ သို့ပါ၍ ဆရာကြီး ဦးကိုလေးသည် မန်းမြို့က မြို့မိမြို့ဖများကို ဖိတ်ကြားကာ စာသင်ခုံ၊ စားပွဲ၊ ခုတင်၊ ကျောက်သင်ပုန်းတို့ကို ကျောင်းအမြန်ဖွင့်နိုင်ရန် ကူညီပေးပါ။ ငွေမရှိပါ။ ဘတ်ဂျက်ရလျှင်ပြန်လည်ပေးသွင်းပါမည်။ မြို့မိမြို့ဖများက အခြားလုပ်ငန်းများကို ရပ်ဆိုင်းကြ၏၊ ကျောင်းအတွက်ပရိဘောဂများသာ ဦးစားပေးပြုလုပ်ကာ ဆရာကြီးကိုကူညီ၏။ မြို့မိမြို့ဖများကိုယ်တိုင်မြို့ထဲထွက်၍ အလှူပါခံပေးကြသည်။ ဆရာကြီးက ရန်ကုန်သွား၍ဆရာသစ်ရှာဖွေ၏၊ ၎င်းတို့အထဲမှာ နောင်တွင်ပါမောက္ခချုပ်ဖြစ်လာမည့် ဦးဘတုတ်လည်းပါဝင်၏။ ဤသို့ဖြင့် ဆရာကြီးသည် မန္တလေးရောက်၍ တစ်လနှင့် ၁၉ ရက်ကြာ ဇူလိုင် ၁၇ ရက်တွင် စစ်ပြီးခေတ် မန္တလေးယူနီဗာစီတီကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဘတ်ဂျက်တင်၍ အစိုးရထံငွေတောင်းနေရလျှင် အလွန်ကြာ၏၊ ယခုလိုတစ်လခွဲကာလအတွင်း ကျောင်းပြန်ဖွင့်နိုင်ရန် မဖြစ်နိုင်ပေ။ ဘတ်ဂျက်ဘောင်ကိုကျော်လျက် မြို့မိမြို့ဖများ၏အညာတွင် ကောလိပ်ကျောင်း အမြန်ပြန်ဖွင့်လိုသည့် မျက်နှာကို တွေ့ရ၏။ စေတနာ၊ သဒ္ဓါတရားကပိုအားကြီးကြောင်း သိမြင်ခဲ့လို့သာ ကျောင်းအမြန်ဖွင့်နိုင်ခြင်းဖြစ်သည်။ မန်းမြို့ကအမျိုးသား ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်၏ "အကောင်အထည်ဖော်နိုင်မည့်သူကိုသတ္တိရှိရှိရွေးနိုင်ခဲ့ခြင်း"၏ ရလဒ်လည်း ဖြစ်ပါသည်။

ထို့ပြင် ယူနီဗာစီတီကောလိပ်ကို သီးခြားတက္ကသိုလ်ပေါ်ပေါက်ရေးကိုလည်း ကြိုးပမ်းခဲ့သူဖြစ်သည်။ ၁၉၅၇ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေအရ ရန်ကုန်တက္ကသိုလ်လက်အောက်မှ လွတ်မြောက်ကာ၊ ရန်ကုန်တက္ကသိုလ်နှင့်အဆင့်ညီမျှသည့် "တက္ကသိုလ်" အဖြစ်ပေါ်ထွန်းခဲ့သည်။ ဤသည်မှာ ဆရာကြီးဦးရာဇတ်၏တာဝန်ပေးမှုကို အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်သည်။ သီးခြားတက္ကသိုလ်ပေါ်ပေါက်လာသည့်အချိန်တွင် ဆရာကြီးသည် မန်းတက္ကသိုလ်၏ပထမဦးဆုံး ဒုတိယအဓိပတိဖြစ်လာခဲ့သည်။ ဤကျေးဇူးတရားကိုသိကြသည့် အညာနှင့်တောင်ပေါ်သား ကျောင်းသားဟောင်းတပည့်များက ဆရာကြီး၏ နှစ်(၁၀၀) ပြည့်ဖြစ်သည့် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင်အမှတ်တရ ရုပ်တုဖြင့်ပူဇော်ခဲ့ကြခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧကစိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးသွားမှာပါ" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းစင်ရေးအသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီ နယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဥတ္တရသီရိမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အုတ်ဘလောက်ရိုက်နည်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က အဆိုပါဥတ္တရသီရိမြို့နယ်ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က အဆိုပါ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများ၊ သင်တန်းလွန်ကာလတွင် အလုပ်အကိုင်ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များ၊ ရင်းနှီးမတည်ငွေရရှိရေး ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားပြီးနောက် သင်တန်းနည်းပြ ဆရာက သင်တန်းစည်းမျဉ်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အုတ်ဘလောက်ရိုက်နည်း သင်တန်းသို့ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြောင်း၊ ကျွမ်းကျင်နည်းပြ ဆရာများက အုတ်ဘလောက်ရိုက်နည်း၊ အုတ်စီနည်းများကို စာတွေ့လက်တွေ့ဖြင့် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က ပြောပြ၍ သိရသည်။

ကိုညို

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ဧည့်မထဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်" ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်အိတ်ရေ အများအပြား အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အင်္ဂပူမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**အင်္ဂပူ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်္ဂပူမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က အင်္ဂပူမြို့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က အဖွင့်အမှာစကားပြောကြားပြီး အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများ ပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်လာကြသော သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ အင်္ဂပူမြို့ရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြ ဆရာတစ်ဦးက မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်ခန်းစာများကို စာတွေ့လက်တွေ့ဖြင့် စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၈ ရက်ထိ တစ်လကြာ အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်ထံမှ သိရသည်။

**သံသာ**

# လှိုင်းဘွဲ့မြို့နယ် ကမော့လှဲ့(မအဲ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကမော့လှဲ့(မအဲ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကမော့လှဲ့(မအဲ) ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များမှ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခုနစ်ဦး၊ အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# ရောဂါပေးမည့်အဖြူရောင်အမှုန့်များ သို့မဟုတ် ဆား၊ သကြား၊ အချိုမှုန့်

ပေါက်ပေါက်

**"အရက်၊ ကွမ်းဆေး ရောဂါပေး၍**
**ဆီ၊ ဆား၊ အချို အသက်တိုသည်၊**
**လေရှူ လမ်းလျှောက် ရေသောက်ခြင်း**
**ကျန်းမာ ချမ်းသာ ရောဂါကင်း"**

ဟူသောကျန်းမာရေး အသိပညာပေးဆောင်ပုဒ်လေး ရှိသည်။ ထိုဆောင်ပုဒ်ပါ အသက်တိုစေသော အကြောင်းတရား၊ ရောဂါကင်းစေသော အကျိုးတရားတို့ကို အတော်အတန် နားရည်ဝနေကြမည်ဖြစ်သော်လည်း နေ့စဉ်ဘဝတွင် အမှန်တကယ် ရှောင်ရှားရန်နှင့် လိုက်နာရန်တို့အတွက်ကိုမူ အားနည်းနေသူ လွန်စွာများသည်။

ယခုဆောင်းပါးတွင် လူသားတို့ကို ရောဂါပေးမည့် အဖြူရောင်အမှုန့်များဖြစ်ကြသည့် ဆား၊ သကြား နှင့် ဟင်းချိုမှုန့် ခေါ် အချိုမှုန့်တို့အကြောင်းကို ရေးသားဖော်ပြလိုပါသည်။

**ဆားစားသုံးမှုလွန်ကဲခြင်းနှင့် ဘေးအန္တရာယ်**

မိရိုးဖလာအရ မြန်မာတို့အင်နကြိုက်ကြသည်။ နေ့စဉ်ဟင်းလျာမီနူး(စာရင်း)ထဲတွင် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိရည်၊ ငံပြာရည်တို့က မပါမဖြစ်ပေ။ ဟင်းချက်သည့်အခါမှာလည်း ဆားထည့်ကာ အငန်အရသာ ပိုကဲစေသည်။ တချို့ကမူ လက်ဖက်ခြောက် ရေနွေးကြမ်းသောက်လျှင် ဆားအနည်းငယ် ထည့်သောက်သည်။

အရွယ်ရောက်ပြီးသူ လူတစ်ယောက် ဆား(ဆိုဒီယမ်)ကို တစ်နေ့လျှင် စားပွဲတင်ဇွန်း နှစ်ဇွန်း စားမိပါက သွေးဖိအားမြင့်တက်လာပြီး နှလုံးပျက်စီးစေနိုင်သည်။ လေ့လာမှုမှတ်တမ်းများအရ ၃ ဒသမ ၇၃ ဂရမ်ညီမျှသည့် စားပွဲတင်ဇွန်းနှစ်ဇွန်းစာ ပမာဏရှိသောဆားကို နေ့စဉ်စားသုံးမိပါက နှလုံးအိမ်ခန်းများ ကြီးမားလာသည်။ နှလုံးကြီးခြင်းဆိုသည်မှာ သွေးဖိအားမြင့်တက်လာသဖြင့် နှလုံးကြွက်သားများက ပင်ပင်ပန်းပန်း အလုပ်လုပ်ရသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ဆား(ဆိုဒီယမ်)ဓာတ်များက နှလုံးကြွက်သားများကို တင်းကျပ်စေကာ နှလုံးခုန်မြန်ဆန်စေသည်။ ဆားများများစားမိ၍ သွေးတိုးခြင်းကြောင့် နှလုံးရောဂါ၊ လေငန်းရောဂါတို့အပြင် ကျောက်ကပ်ပျက်စီးစေသည်။

ထို့ကြောင့် အမေရိကန်ရှိ CDC နှင့် NHS ဟု အမည်ရသော ကျန်းမာရေးသုတေသနအဖွဲ့အစည်းများက အရွယ်ရောက်ပြီးသူ လူသားတစ်ဦး နေ့စဉ်ဆားစားသုံးမှုပမာဏသည် စားပွဲတင်ဇွန်းတစ်ဇွန်းနှင့် လေးပုံတစ်ပုံပမာဏတို့ထက်မပိုသင့်ကြောင်း အကြံပြုထားသည်။ ၎င်းပမာဏဆိုသည်မှာ ဆားချည်းသက်သက်မဟုတ်ဘဲ ဆားပါသော အသင့်စားအစားအစာ (ready-prepared food) များလည်း ပါဝင်နေသည်။

ထို့ပြင်ဆားအပါအဝင် အငန်ဓာတ်စားသုံးမှုလွန်ကဲခြင်းကြောင့် အောက်ဖော်ပြပါရောဂါအမျိုးမျိုးတို့ကိုလည်း မလွဲမသွေဖြစ်စေနိုင်သည်။ သွေးတိုးရောဂါအပြင် ၎င်းရောဂါနှင့်ပတ်သက်ဆက်စပ်လျက်ရှိသော နှလုံးရောဂါနှင့် လေငန်းရောဂါတို့ဖြစ်လာစေသည်။ ထို့ပြင် ဆားအလွန်အကျွံစားသုံးပါက ကျောက်ကပ်ပျက်စီးခြင်း၊ အစာအိမ်ကင်ဆာရောဂါနှင့်ဆက်စပ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ဖောရောင်ခြင်း၊ အရိုးသန်မာမှုလျော့ကျခြင်း စသည်တို့ဖြစ်လာစေသည်။ အငန်စားသုံးမှုများပါက ကျောက်ကပ်မှအရည်ဓာတ်မစွန့်ထုတ်နိုင်တော့ဘဲ ထိန်းထားသည့်အတွက် ခြေဖမိုး၊ လက်၊ ခြေဆစ်၊ လက်ဆစ်နှင့် ခြေထောက်များဖောရောင်လာသည်။ ဆားအလွန်အကျွံသုံးစွဲပါက လူသာမက သက်ရှိတိရစ္ဆာန်များနှင့် အပင်များကိုလည်း ဘေးထွက်ဆိုးကျိုးများဖြစ်စေသည်။

**သကြားစားသုံးမှုလွန်ကဲခြင်းနှင့် ဘေးအန္တရာယ်**

သကြားဓာတ်သည် ခန္ဓာကိုယ်စွမ်းအင်အတွက် လိုအပ်လျက်ရှိသော အာဟာရဓာတ်တစ်မျိုးဖြစ်သော်လည်း သကြားစားသုံးမှုလွန်ကဲလျှင် ကျန်းမာရေးဆိုးကျိုးများစွာရရှိလာနိုင်သည်။ အဆင့်ဆင့်ပြုပြင်ထားသော အစားအစာများ၊ အသင့်စားသရေစာများတွင်လည်း သကြားသုံးစွဲမှုများပြားနေသဖြင့် လူကိုဘေးဖြစ်စေသည်။သကြားက ကင်ဆာရောဂါကိုဖြစ်စေနိုင်သည်။ အူမကြီးကင်ဆာဖြစ်ပွားနှုန်းမြင့်တက်လာမှုမှာလည်း သကြားစားသုံးမှုကြောင့်ဖြစ်နိုင်ကြောင်း သုတေသီများက အတည်ပြုထားသည်။

ခန္ဓာကိုယ်တွင်း သကြားဓာတ်လွန်ကဲခြင်းကြောင့် ကိုယ်အလေးချိန်တိုးခြင်း၊ သွေးကြောများ အတွင်းရောင်ရမ်းခြင်း၊ သွေးကြောများ မာကျောကာ ကျဉ်းမြောင်းလာစေပြီး အဆီဓာတ်များဖြင့် ပိတ်ဆို့ခြင်း၊ သွေးတိုးခြင်း စသည်တို့ကို ဖြစ်ပေါ်စေသည့်အပြင် ဆီးချိုရောဂါနှင့်အဝလွန်ရောဂါများလည်းဖြစ်စေသည်။

သကြားဓာတ်မြင့်မားသော အစားအစာတို့ကို လွန်ကဲစွာစားသုံးမှုနှင့် စိတ်ကျရောဂါဖြစ်ပွားမှုကြား ဆက်စပ်နေကြောင်း သုတေသီများက တွေ့ရှိထားသည်။ လူပေါင်း ရှစ်ထောင်ခန့်ပြုလုပ်ခဲ့သည့် အဆိုပါသုတေသနပြုချက်တွင် သကြားဓာတ်စားသုံးမှုတစ်ရက်လျှင် ၆၇ ဂရမ် ထက်ပိုများသူက တစ်ရက်လျှင် ဂရမ် ၄၀ အောက်စားသုံးသူများထက် စိတ်ကျရောဂါဖြစ်နိုင်ခြေ ၂၃ ရာခိုင်နှုန်းပိုများနေကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ သကြားဓာတ်သည် အာရုံကြောလျှပ်ကူးပစ္စည်းများ အလုပ်လုပ်ခြင်းကို နှောင့်နှေးစေကြောင်း တွေ့ရသည်။

ဆိုဒါ၊ သစ်သီးဖျော်ရည်၊ ကော်ဖီ၊ လက်ဖက်ရည် စသည့် အသင့်စားသရေစာများတွင် ပါဝင်သော သကြားသည် ဖရက်တို့စ်အမျိုးအစားဖြစ်ပြီး ဂလူးကို့စ်သကြားထက် ဆာလောင်မှုနှင့် စားသောက်ချင်စိတ်ကိုပိုမိုဖြစ်ပေါ်စေသည်။ ထို့ပြင် ဗိုက်ပြည့်ပြီး စားသောက်ချင်စိတ်ကို ရပ်တန့်စေသည့် leptin ဟော်မုန်းကိုလည်း အာနိသင်မတိုးတော့ပေ။ ထိုအခါ အချိုစားသောက်ဖွယ်ရာများက အစာကိုပိုမိုစားသောက်ချင်စိတ်ဖြစ်စေပြီး အဝလွန်ခြင်းကို ဦးတည်စေသည်။ ဖရက်တို့စ်သကြားကို ဇီဝသဘောအရ ဂလိုင်ကိုဂျင်အနေဖြင့် အသည်းထဲတွင် သိုလှောင်ထားလေ့ရှိသည်။ သိုလှောင်မှုပမာဏများလျှင် အသည်း၏ လုပ်ဆောင်ချက်ကိုကျော်လွန်သွားကာ အသည်းအဆီဖုံးခြင်းကို ဖြစ်စေသည်။

သကြားဓာတ်ကို လွန်ကဲစွာစားသုံးလျှင် ကော်လာဂျင်ဓာတ်ကိုထိခိုက်စေသဖြင့် အသားအရေကို အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေသည်။ အချိုဓာတ်လွန်ကဲသော စားသောက်ဖွယ်ရာများက အန်ဒရိုဂျင်ဟော်မုန်းထွက်ရှိခြင်း၊ အဆီထွက်ခြင်းနှင့် ရောင်ရမ်းခြင်းတို့ကို မြင့်တက်စေပြီး ဝက်ခြံများထွက်လာစေသည်။ သကြားဓာတ်ညွှန်းကိန်းမြင့်လေ ဝက်ခြံအထွက်များလေဖြစ်သည်။ သုတေသနအဆိုအရ သကြားဓာတ်အစားများသူတွင် ဝက်ခြံဖြစ်နှုန်း ၃၀ ရာခိုင်နှုန်းမြင့်မားကြောင်း သိရသည်။

ပညာရှင်များ၏အဆိုအရ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်အတွင်း ကမ္ဘာတစ်ဝန်း ဆီးချိုဖြစ်ပွားမှုသည် နှစ်ဆကျော် မြင့်မားလာကြောင်း၊ သကြားကို လွန်ကဲစွာစားသုံးခြင်းက အဝလွန်စေသည့်အပြင် အင်ဆူလင်အာနိသင်ကိုပါ ခံနိုင်ရည်မြင့်လာစေသဖြင့် ဆီးချိုဖြစ်နိုင်ခြေ ပိုမြင့်မားကြောင်း၊ ဆီးချိုရောဂါအခံရှိသူများတွင်လည်း သကြားဓာတ် ရုတ်တရက်မြင့်တက်ခြင်းကြောင့် အရေးပေါ်အခြေအနေကြုံတွေ့ရနိုင်ကြောင်း သိရသည်။

သို့ပါ၍ သကြားစားသုံးမှုကို ဖြည်းဖြည်းချင်းလျှော့ချပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်ခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ခံစားနိုင်ပြီး ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာပါ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် သကြားစားသုံးမှုကို လျှော့ချရန်အတွက် ယခုကဲ့သို့ အကြံပြုလိုပါသည်။ သကြားပါသော အသင့်သောက်ဖျော်ရည်များကိုရှောင်ပါ။ အစားအသောက်အညွှန်းများကိုဖတ်ပြီး သကြားပါဝင်မှုနည်းသော အစားအသောက်များကို ရွေးချယ်ပါ။ သကြားပါသော သရေစာများအစား သဘာဝသစ်သီး၊ သီးနှံ၊ သစ်ဥ၊ သစ်ဖုများကိုသာရွေးချယ်ပါ။ သကြားပါဝင်မှုကို ထိန်းချုပ်ရန် မိမိတို့ကိုယ်တိုင် အိမ်တွင်ချက်ပြုတ်စီမံပါ။



**ဟင်းချိုမှုန့် (အချိုမှုန့်) စားသုံးခြင်းနှင့် ဘေးအန္တရာယ်**

ဟင်းချိုမှုန့် (အချိုမှုန့်) စားသုံးခြင်း၏ လက်ငင်းဆိုးကျိုးမှာ အသည်းကို ထိခိုက်စေသည်။ ထို့ကြောင့် အချိုမှုန့်ပါသော အစားအသောက် ဟင်းလျာတို့ကို စားပြီးပြီးချင်း ရင်ပူအာခြောက်ကာ ရေအလွန်ငတ်သည်။ လူအများစုက အချိုမှုန့်စားပြီးနောက် မျက်နှာအရေပြား လေးလံလာခြင်း၊ ဦးနှောက်မကြည်လင်ခြင်း၊ အာရုံကြောများ လေးလံထိုင်းမှိုင်းခြင်းများ ခံစားရလေ့ရှိသည်။

အချိုမှုန့်တွင် အဓိကပါဝင်သော ဂလူတမစ်အက်စစ်က လူ့ခန္ဓာကိုယ်ထဲတွင်ရှိပြီးသား အမိုင်နိုအက်စစ် (Amino acid) တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အတွင်း လိုအပ်သလောက်သာ ထုတ်လုပ်သုံးစွဲသည့်အတွက် မရှိမဖြစ် မလိုအပ်သော (အရေးမပါသော) (Non-essential amino acid) တစ်မျိုးဖြစ်သည်။ ထို့ကြောင့် အချိုမှုန့်ကိုစားလိုက်သောအခါ ခန္ဓာကိုယ်၏ လိုအပ်ချက်ပမာဏထက် များစွာပိုလျှံသွားသည့်အတွက် ကျန်းမာရေးဆိုးကျိုးများ ဖြစ်စေသည်။ အချိုမှုန့်ကို ကာလကြာရှည်စားသုံးခြင်းကြောင့် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာကို မလွဲမသွေခံစားရနိုင်သည်။

ခန္ဓာကိုယ်ထဲရှိ အင်ဆူလင်ဟော်မုန်း(Insulin)က ဆီးချိုမဖြစ်အောင် ထိန်းသိမ်းပေးသည်။ အချိုမှုန့်က အင်ဆူလင်ဟော်မုန်းလုပ်ဆောင်မှုကို ဟန့်တားနှောင့်ယှက်မှုပြုလိုက်သဖြင့် ဆီးချိုရောဂါဖြစ်နိုင်ခြေအလားအလာပိုလာသည်။ ထို့ကြောင့် အချိုမှုန့်စားသုံးသူများတွင် ဆီးချိုရောဂါဖြစ်စေရန် ရာနှုန်းပြည့်သေချာနေပါသည်။ အရွယ်သုံးပါးမရွေး ဦးနှောက်နှင့် အာရုံကြောဆိုင်ရာဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်။ ဦးနှောက်ဆဲလ်များကို ပျက်စီးစေတတ်သဖြင့်၊ အချိုမှုန့်စားသောကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းစေနိုင်သကဲ့သို့ လူကြီးများတွင်လည်း အရွယ်မတိုင်မီ သတိလွတ် မေ့လျော့တတ်သော ဦးနှောက်ဇရာကြိုရောဂါဖြစ်လာနိုင်သည်။ နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများဖြစ်စေသည်။ မျိုးပွားစွမ်းရည်ကျဆင်းခြင်း၊ သားသမီးရနိုင်စွမ်းကျဆင်းခြင်းစသည်တို့ဖြစ်နိုင်သည်။ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားကိုထိခိုက်စေသည်။ အချိုမှုန့်လွန်ကဲစွာပါရှိသော အစားအသောက်စားပြီးပြီးချင်း မျက်နှာ၊ လည်ပင်းနှင့် တစ်ကိုယ်လုံးတွင် အနီစက်များထွက်လာခြင်း၊ မခံမရပ်နိုင်အောင် ခေါင်းထိုးကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ မျက်နှာတွင် လေးလံတင်းကျပ်နေသကဲ့သို့ ခံစားရခြင်း၊ စကားပြောရာတွင် လျှာလေးအာလေးဖြစ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ခါးနာခြင်း စသည်တို့ ခံစားရတတ်သည်။ အချိုမှုန့်စားပြီးနောက် အလွန်အကျွံအစာစားချင်စိတ်ကိုဖြစ်ပေါ်စေသည့်အပြင် အချိုမှုန့်က အဝလွန်ခြင်းကို တားဆီးပေးသော ဟော်မုန်းများကိုပါ ပိတ်ဆို့နှောင့်ယှက်လိုက်သဖြင့် အဝလွန်ခြင်းကိုဖြစ်စေသည်။ အချိုမှုန့်စားခြင်းကြောင့် အဝလွန်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောပိတ် စသည့်အသံတိတ်လူသတ်သမားရောဂါဆိုးကြီးများကိုလည်း တွေ့ကြုံခံစားရနိုင်သည်။ ရင်ပူ၊ အာခြောက်ခြင်းကို ဖြစ်စေသည်။ ခေါင်းတစ်ခြမ်းကိုက်လေ့ရှိသူများအတွက် အချိုမှုန့်က ဘေးဖြစ်စေသည်။ ဆိုဒီယမ်ဓာတ်က သွေးတိုးရောဂါရှိသူများအတွက် ရန်ဖက်ဖြစ်သည်။ အချိုမှုန့်တွင် ဆိုဒီယမ်ပါဝင်နေသောကြောင့် သွေးတိုးရောဂါရှိသူများအနေဖြင့် အချိုမှုန့်ကို အထူးရှောင်ကြဉ်သင့်ပေသည်။ ပန်ကရိယခေါ် မုန့်ချိုအိတ်ရောင်ရောဂါရှိသူများနှင့် ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာရှိသူများ အချိုမှုန့်စားသုံးခြင်းမှ ရှောင်ရှားသင့်သည်။

အချုပ်ဆိုသော် အဖြူရောင်အမှုန့်များဖြစ်ကြသည့် ဆား၊ သကြား၊ အချိုမှုန့်တို့ကို ရှောင်နိုင်လေ ကောင်းလေဖြစ်သည်။ ၂၁ ရာစုတွင် လူသားတို့၏ အသက်ဇီဝိန်ကို ခြိမ်းခြောက်နေသော ရောဂါမှာ "မကူးစက်တတ်သောရောဂါ"ဖြစ်သည်။ မိမိခန္ဓာကိုယ်ထဲတွင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါတို့ကို တရစပ်ဖြစ်ပေါ်နေသော ရောဂါများကို မကူးစက်တတ်သော ရောဂါဟုခေါ်သည်။ မကူးစက်နိုင်သောရောဂါများသည် လူလူချင်း မကူးစက်နိုင်သော်လည်း အချိန်မတိုင်မီ သေဆုံးမှုများမြင့်တက်နေဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် မကူးစက်နိုင်သောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၄၁ သန်းကျော် အသက်ဆုံးရှုံးနေရပြီး တစ်ကမ္ဘာလုံး သေဆုံးသူအားလုံး၏ ၇၁ ရာခိုင်နှုန်းထိရှိနေသည်။

သို့ဖြစ်ပါ၍ ဆား၊ သကြားနှင့် အချိုမှုန့်တို့ကို စားသုံးမှုလွန်ကဲပါက အသက်အရွယ်ပိုင်းခြားမရွေး "မကူးစက်တတ်သောရောဂါ"များကို မလွဲမသွေခံစားရမည်ဖြစ်သည်။ သို့ပါ၍ ရောဂါပေးမည့် ထိုအဖြူရောင်အမှုန့်များကို ကျန်းမာရေး အသိ၊ သတိဖြင့် ရှောင်ရှားကြစေလိုကြောင်း ရေးသားလိုက်ရပေသည်။

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) | **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **လားရှိုးမြို့** | အထက(၅)၊ လားရှိုးမြို့။ |
| (ဃ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ။ |
| (ဋ) | **မုံရွာမြို့** | အထက(၂)၊ အလုံတပ်မြို့။ |
| (ဌ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) | **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ (မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။


(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။


၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့်စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။





Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးအေးမောင်၏သမီး မနန်းရွှေယွန်း၏မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၁၁-၈-၂၀၀၇ ဖြစ်ပါကြောင်း။

မနန်းရွှေယွန်း၊ ၁၁-၈-၂၀၀၇

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မနန်းသဇင်ထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအေးထွန်းသန်း ဖြစ်ပါကြောင်း။

ဦးအေးထွန်းသန်း(၉/မကန(နိုင်)၀၅၀၃၈၃)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade-11(A)တွင် ပညာသင်ကြားနေသော မဧကရီ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဇင်(၉/ခမစ(နိုင်)၀၂၈၄၉၀)ဖြစ်ပါကြောင်း။

ဦးကျော်ဇင်(၉/ခမစ(နိုင်)၀၂၈၄၉၀)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ညောင်ရွှေ အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနှင်းကေခိုင်၏ဖခင်အမည်မှန်မှာ ဦးလှအုန်းဖြစ်ပါကြောင်း။

ဦးလှအုန်း(၉/စကတ(နိုင်)၀၇၇၂၆၂)

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ EVER TOP ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဝင်းသိန်း၏သမီး မဆုအိငြိမ်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ မဆုအိညိမ်း ဖြစ်ပါကြောင်း။

မဆုအိညိမ်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်ခန့်ဇော်၏ဖခင် ဦးကိုဆန်းနှင့် မောင်ကိုဆန်း(၅/ရဘန(နိုင်)၁၆၄၃၅၀)အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကိုဆန်းနှင့် မောင်ကိုဆန်း (၅/ရဘန(နိုင်)၁၆၄၃၅၀)


အဖိုးတန်

ရေချိုကို

ချွေတာပါ


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111"




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာ လူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်...

❖ ထိုကဲ့သို့ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်...

❖ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရခိုင်ပြည်နယ်သို့ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိ

စစ်တွေ စက်တင်ဘာ ၁၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီအောင်ရတနာငွေသင်္ဘော၊ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘောနှင့်အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊အမ်ဗွီအောင်ရတနာငွေသင်္ဘော၊ အမ်ဗွီရဲထွန်းအောင်(၂)သင်္ဘော၊ အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောများပေါ်မှ ဆန်နှင့် အခြေခံစားသောက်ကုန်များကို ကုန်တင်ကုန်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ ကုန်တင်ကုန်ချပြုလုပ်ရာတွင်

စာမျက်နှာ ၂၁ ကော်လံ ၁ ☆




# ဆီဆိုင်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူ ဖုန်းမြင့်နိုင်နှင့် သက်ဇော်ဦးတို့ကို ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၀

ဆီဆိုင်မြို့နယ်၊အောင်မြေသာစံမြို့နယ်၊ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအနီး ဆိုက်ခေါင်-မောက်မယ်သွားလမ်းတွင် မောက်မယ်ဘက်မှ ဆိုက်ခေါင်သို့ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ထီလုံးဟီးကျေးရွာနေ ခွန်မောင်ကံ(ခ)သိန်းဇော် ၂၉ နှစ် မောင်းနှင်ပြီး ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု

စာမျက်နှာ ၂၁ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Quality For You ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉